# စကားရည်လုခြင်း

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ
တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# စကားရည်လုခြင်း

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။ ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။
အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။



**ဦးတည်ချက်။** သုတေသနပြု၊ ပြင်ဆင်ပြီး ကလေးအလုပ်သမားနှင့်ဆက်နွယ်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စများအကြောင်း ရပ်ရွာအတွင်း စကားရည်လုပွဲလုပ်ရန်။



**အကျိုးရလဒ်။** ပြောဆိုဆက်သွယ်ခြင်း၊ စကားရည်လုခြင်း၊ အများရှေ့ပြောပြောခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။ ရပ်ရွာအသိတရားမြင့်မားရေး တည်ဆောက်ရန် အခွင့်အရေး ပေးသည်။



## အချိန်။

သင်ကြားချိန် တစ်ချိန်စီ (၃)ချိန်နှင့် နှစ်ချိန်ဆက် (၂)ချိန်။ အခြားစိတ်ကြိုက် လုပ်ငန်းများအတွက် အချိန်ပို လိုအပ်သည်။

## စေ့ဆော်မှု

ဒီမိုကရေစီရရှိသော လူမှုအဖွဲ့အစည်းများတွင် စကားရည်လုခြင်းသည် အရေးပါသောလုပ်ငန်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်၊ ရှေးခေတ် ဂရိမြို့တော် အေသင်တွင် ဒီမိုကရေစီ ထွန်းကားစဉ်က ပြည်သူပြည်သားများသည် လူထုအစည်းအဝေးပွဲများတွင် ပုံမှန်တွေ့ဆုံကြသည်။ ၎င်းတို့၏မဲပေးမှုများက နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ဆောင်မှုကို ပြဋ္ဌာန်းသည်။ အေသင်ပြည်သူပြည်သားများအနေဖြင့် စစ်ထဲပါဝင်ရန်နှင့် မည်သို့တိုက်ရန်ကို ဆုံးဖြတ်ပေးသည်။ ပြည်သူပြည်သားများ၏ မိသားစုဘဝ မည်သို့ဖြစ်ရမည်ကို ဖေါ်ညွှန်းသည့် ဥပဒေများပြဋ္ဌာန်းသည်။ သို့သော် ၎င်းတို့ မဲမပေးမီစကားရည်လုခြင်းကို ဦးစွာပြုလုပ်သည်။ ပြည်သူပြည်သားများနှင့် ခေါင်းဆောင်များက မည်သည်က အမှန်ဖြစ်သည်ကိုငြင်းခုန်ကြသည်။ ကိုယ်ကျင့်တရားနှင့် ဥပဒေအရ မည်သည်တို့က အမှန်ဖြစ်သည်ကို ငြင်းခုန်ကြသည်။ အကောင်းဆုံးပေါ်ထွက်မှုရှိလာရန် အကောင်းဆုံး လုပ်ဆောင်ရမည်နည်းကို ငြင်းခုန်ကြသည်။ မည်သည်တို့သည် ဖြစ်နိုင်ပြီး မည်သည်တို့ကို သတိထားရမည်တို့ကို ငြင်းခုန်ကြသည်။

### အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းကို အစီအစဉ်တစ်ခုလုံး၏အလယ်တွင် မိတ်ဆက်ရန် အကြံပြုပါသည်။ ဤလေ့ကျင့်ခန်း များကို ကောင်းစွာဆောင်ရွက်နိုင်ရန် လူရွယ်များအနေဖြင့် ကလေးအလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အသိဉာဏ်ဗဟုသုတများ ကြွယ်ဝရမည်ဖြစ်ပြီး ၎င်းတို့ ကိုယ်တိုင်အချက်အလက်များကို စုဆောင်းရှာဖွေရမည်။ အမှန်တကယ် သိရှိထားရမည်။ ဤလေ့ကျင့်ခန်းအတွက် ခေါင်းစဉ်တစ်ခုအပေါ် ကျိုးကြောင်းဆီလျော်စွာဖြင့် ထောက်ခံခြင်း သို့မဟုတ် ကန့်ကွက်ခြင်း ပြုလုပ်ရန်ပြင်ဆင်မှုပါဝင်သည်။ ထို့ကြောင့် ဤလုပ်ငန်းစုကို သုတေသနနှင့် သတင်းအချက်အလက် လုပ်ငန်းစုမတိုင်မီ မပြုလုပ်ရန် ထောက်ခံအကြံပြုပါသည်။ ဆန်းသစ်ရေးသားခြင်း လုပ်ငန်းစုပြီးမှ ဆောင်ရွက်လျှင်လည်း ကောင်းပါသည်။ အနုပညာဆိုင်ရာ ဆောင်ရွက်မှုများ ပါဝင်သည့် လုပ်ငန်းစုများ မစမီ သို့မဟုတ် ပြုလုပ်ပြီးမှ ဆောင်ရွက်နိုင်ပါသည်။



ယနေ့ခေတ်တွင် စကားရည်လုပွဲသည် ဒီမိုကရေစီတွင် အရေးပါဆဲဖြစ်သည်။ ဒီမိုကရေစီဖြစ်စဉ်သည် ပြောင်းလဲသွား ပါသည်။ ရှေးခေတ်အေသင်ထက် ယနေ့ခေတ်နိုင်ငံများ၏ လူဦးရေနှင့် ပထဝီအနေအထားတို့သည် ပိုများပြား ကြီးမားလာသည်။ သို့သော် စကားရည်လုပွဲသည် ရှိနေဆဲဖြစ်သည်။ အချို့သည် ဥပဒေပြုရေးဆွေးနွေးမှုတွင် ပြုလုပ်ကြသည်။အချို့သည် ရွာများ၊ ရပ်ရွာလေးများတွင် ပြုလုပ်ကြသည်။ စာသင်ခန်းမနှင့် ပြည်သူ့ရင်ပြင်တို့တွင် ပြုလုပ်ကြသည်။ အချို့ကို ကျောင်းများနှင့် တက္ကသိုလ်များတွင် ပြုလုပ်ပြီး အချို့သည် သတင်းစာမဂ္ဂဇင်းများတွင် ဖတ်ရသည်။ ရေဒီယို မှ ကြားရပြီး ရုပ်မြင်သံကြားတွင် ကြည့်ကြရသည်။ ရှေးသမိုင်းထဲမှ ခေတ်နှောင်းလူများကဲ့သို့ လူများသည် ၎င်းတို့ လူမှုအဖွဲ့အစည်းများအတွက် မည်သည်တို့သည် အကောင်းဆုံးဖြစ်သည်ကို အငြင်းပွား ကြသည်။ ဥပဒေ၊ မူဝါဒနှင့် လုပ်ဆောင်မှုများကို ပုံဖော်ကြသည်။

စကားရည်လုပွဲတွင် ပါဝင်ခြင်းသည် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ် များကို ထောက်ခံသည်၊ ကန့်ကွက်သည် ဆိုသည်ကို လူရွယ်များအား ယုတ္တိရှိရှိငြင်းခုန်တတ်စေပါသည်။ ၎င်းတို့ရှေ့ပိုင်းက ရရှိခဲ့သော သတင်းအချက်အလက် နှင့် ဗဟုသုတများသည် လက်တွေ့အကျိုးရှိစေရန် ရည်ရွယ်သည်ကို စတင်သဘောပေါက်လာပါသည်။ စူးစမ်းရှာဖွေ ခြင်း ကျွမ်းကျင်မှုကို ထပ်မံပေါင်းစပ်နိုင်ပါသည်။ ၎င်းတို့အား ဆွေးနွေးအဖြေရှာ ရမည့်ကိစ္စရပ်တစ်ခုတွင်ပင် အမြင်နှစ်မျိုးရှိသည်ကို စကားရည်လုခြင်းဖြင့် သိရှိစေနိုင်သည်။ ကလေးအလုပ်သမားကိစ္စလည်း အမြင်နှစ်မျိုး ရှိနိုင်ပါသည်။ အရာရာတိုင်း အဖြူအမဲချည်း မဟုတ်ပါ။ ကလေးအလုပ်သမားသည် ပို၍ရှုပ်ထွေးပါသည်။ ၎င်းတို့တွင် လွယ်ကူသောအဖြေများမရှိပါ။ ခေါင်းစဉ်ကို စတွေ့တွေ့ခြင်း မထောက်ခံကြောင်း ငြင်းဆိုခြင်းသည် မှန်သည်ဟု လက်ခံရန် မလွယ်ပါ။ သို့သော် ထောက်ခံသည့်ဖက်သို့ ငြင်းဆိုဆွဲဆောင်ရသည့်အလုပ်မှာ ပို၍ခက်ခဲပါသည်။ လေ့ကျင့်ခန်းသည် ၎င်းတို့၏ လူမှုရေးနှင့် ဆက်သွယ်ပြောဆိုခြင်း ကျွမ်းကျင်မှု၊ စည်းကမ်းများ လိုက်နာမှု၊ အများရှေ့ ဟောပြောခြင်း၊ ယုတ္တိရှိရှိတွေးခေါ်တတ်မှု၊ ငြင်းဆိုတတ်ရန်နှင့် ခုခံကာကွယ်တတ်ရန်တို့ကိုပိုမိုတိုးတက်လာစေပါ သည်။

၎င်းတို့နှင့် လူမှုအဖွဲ့အစည်းအတွက် အရေးကြီးသည့် ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များအတွက် လူရွယ်များကို ပို၍ကြီးလေးသောတာဝန်များ ပေးသင့်ပါသည်။ ဤလုပ်ငန်းစုသည် အုပ်စုကို ပို၍ကြီးလေးသော တာဝန်ပေးရန် ဦးတည်ပါသည်။ ယင်းတွင် ရည်မှန်းချက်အမျိုးမျိုးရှိသည်။ အုပ်စုအားပေးထားပြီးသည့် သတင်းအချက်အလက်များ၏ အဓိပ္ပါယ်များကို ပိုသိရှိစေခြင်းဖြင့် အစပျိုးနိုင်ပါသည်။ ၎င်းတို့သိရှိထားသည့် သတင်းအချက်အလက်ကိုအခြေခံ၍ ငြင်းဆိုမှုများနှင့် အဆိုပြုချက်များကို

## အသုံးပြုမည့်သူအတွက် မှတ်စု

ကမ္ဘာတွင် ရပ်ရွာအတွင်း စကားရည်လုပွဲ အစဉ်အလာအမျိုးမျိုး ရှိပါသည်။ အများစု သိထားကြသည်မှာ "လွှတ်တော်ပုံစံ" ပေါ်အခြေခံပါသည်။ အစုအဖွဲ့များ သို့မဟုတ် တစ်ဦးချင်း က "ခေါင်းစဉ်တစ်ခု" သို့မဟုတ် "အဆိုတစ်ရပ်" အဖြစ်တင်သွင်း သည့်ခေါင်းစဉ် ကို စကားရည်လုကြခြင်းဖြစ်သည်။ အစုအဖွဲ့တစ်ဖွဲ့/ပုဂ္ဂိုလ်တစ်ဦးက ယင်းအဆိုကို ထောက်ခံကြောင်း ပြောဆိုပြီး ထောက်ခံသည့် အကြောင်းအချက်များကို တင်ပြပြီးငြင်းဆိုရသည်။ အတိုက်အခံကပြောသည့် မထောက်ခံသည့် အချက်များကို အထောက်အထားဖြင့် ချေဖျက်ရသည်။ အတိုက်အခံ အစုအဖွဲ့တစ်ဖွဲ့/ ပုဂ္ဂိုလ်တစ်ဦးက အဆိုပြုချက်ကို လက်မခံကြောင်း ငြင်းဆိုတင်ပြရသည်။ အခြားအဖွဲ့ငြင်းဆိုတင်ပြမှုကို အထောက် အထားဖြင့် ခုခံကာကွယ်မှုကို ခြေဖျက်ရသည်။ ဤလုပ်ငန်းစုသည် ထိုပုံစံအပေါ် အခြေခံထားပါသည်။ သို့သော် အရေးကြီးသည်မှာ နိုင်ငံအသီးသီးမှ ပညာပေးသူများသည် ၎င်းတို့၏ လူမှုပတ်ဝန်းကျင်တွင် ကျင့်သုံးသော ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအတိုင်း ဤလုပ်ငန်းစုကို အကောင်အထည်ဖေါ်ရာတွင် သုံးစွဲရန် လိုပါသည်။

ပြင်ဆင်ရမည်ဖြစ်သည်။ ၎င်းတို့ရှိပြီးသားအချက်များကို ၎င်းတို့ထပ်ရှာထားသည့် အချက်များဖြင့် ထောက်ကူရမည် ဖြစ်သည်။



ပညာပေးသူအကူအညီဖြင့် ၎င်းတို့သည် ငြင်းဆိုချက်နှင့်ပြောကြားချက်များ ကို ဖေါ်ထုတ်ကြမည် ဖြစ်သည်။ ယင်းသည် သင်ယူမှုနှင့် လုပ်ငန်းစဉ်ကို နားလည်သဘောပေါက်မှုကို အားဖြည့်ပေးပါသည်။ ၎င်းတို့အနေဖြင့် ကလေးအလုပ် သမား၊ အလုပ်ရှင်၊ တာဝန်ရှိသူများနေရာတွင် အတိုင်းအတာတစ်ခုအထိ ဝင်စားရပါမည်။ သို့မဟုတ် ၎င်းတို့ပြောဆို ရမည့်ဖက်မှ စဉ်းစားရမည်။ ထို့နောက် လက်ခံလာရန် ငြင်းဆန် ပြောဆိုရမည်။ ဤလေ့ကျင့်ခန်းသည် ယုတ္တိရှိမှုနှင့် ဆင်ခြင်တွေးဆမှု ပြုရသည်။ ၎င်းတို့ ထောက်ခံမှုပေးရမည့် ကိစ္စရပ်ကိုသဘောတူစရာမလိုပါ။ ယင်းသည် အလွန် ကောင်းသည့် သင်ယူမှုအတွေ့အကြုံဖြစ်သည်။ ၎င်းတို့အနေဖြင့် ၎င်းတို့ သဘောမတူထောက်ခံမှုပေးရမည့် အခြေ အနေကို နားလည်သဘောပေါက်ထားရန်လိုသည်။

## ကြိုတင်ပြင်ဆင်ခြင်း



ပုံစံတကျ စကားရည်လုပွဲအတွက် တိကျသော စည်းမျဉ်းများနှင့် လုပ်ဆောင်ပုံအဆင့်ဆင့် ရှိသည်။ ယင်းတို့ အတွက် အုပ်စုအနေဖြင့် ပြင်ဆင်ရန်နှင့် အချိန်လိုအပ်မည် ဖြစ်သည်။ သို့သော် ပုံစံမကျဘဲ စကားရည်လု နိုင်သည့် နည်းထူးကို အုပ်စုအား သင့်အနေဖြင့် မိတ်ဆက်ပေးနိုင်သည်။ ယင်းကို လုပ်ငန်း ၁ တွင် "ရွေ့လျား စကားရည်လုပွဲ" အဖြစ် ရှင်းလင်းဖေါ်ပြထားပါသည်။ ယင်းအတွက် ကြိုတင်ပြင်ဆင်မှု အနည်းငယ် လိုပါ သည်။ ပေးထားသောအချိန်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။

နောက်ဆက်တွဲ ၁ တွင် စကားရည်လုပွဲအခြေခံစည်းမျဉ်းများနှင့် နည်းလမ်းများကို ဖေါ်ပြထားပါသည်။ ဤနယ်ပယ်တွင် အတွေ့အကြုံ သိပ်မရှိသောသူများအတွက် အသုံးဝင်ပါသည်။ ပုံစံတကျစကားရည်လုပွဲကို မည်သို့ ဆောင်ရွက်ရ သည်၊ စီမံရသည်ကို သိရှိနားလည်သွားမည် ဖြစ်သည်။ ထို့ပြင် စကားရည်လုပွဲ တွင် ပါဝင်သူများ၏ အခန်းကဏ္ဍအမျိုးမျိုးနှင့် ၎င်းတို့မည်သို့ ပြောဆိုရမည်တို့ကိုလည်း ယင်းစည်းမျဉ်းများ က ပညာပေးသူနှင့် အုပ်စုကို နားလည်သဘောပေါက် သွားစေပါသည်။

ပူးတွဲပါ စည်းမျဉ်းများကို ကမ္ဘာနှင့်အဝှမ်း စကားရည်လုပွဲ အစဉ်အလာတွင် အများဆုံး သုံးကြပါသည်။ မည်သို့ဆိုစေ ဒေသတွင်းနှင့် ဓလေ့ထုံးစံများသည် အမြဲခြားနားမှု ရှိပါသည်။ သင့်အနေဖြင့် သင့်ဓလေ့ထုံးစံ နှင့် စည်းမျဉ်းများကို သုံးမည်ဟု ကျွန်ုပ်တို့ ယုံပါသည်။ သင့်အနေဖြင့် စကားရည်လုခြင်းနှင့် ပတ်သက်သော ကိုးကားစရာစာအုပ်စာတန်းများကို ကိုးကားလိုပေမည်။

ထိုစာအုပ်စာတန်းများကို ဒေသတွင်း စာကြည့်တိုက်များ သို့မဟုတ် အင်တာနက်တွင် ရှာတွေ့နိုင်ပါသည်။ သင့်ဒေသတွင်းရှိ အဖွဲ့အစည်းများ အထူးသဖြင့် အလုပ်သမားသမဂ္ဂများကို ဆက်သွယ်နိုင်ပါသည်။ ၎င်းတို့အနေဖြင့် ဤလုပ်ငန်းစု ဆောင်ရွက် အကောင်အထည်ဖော်ရာတွင် ကူညီနိုင်မည် ဖြစ်သည်။ (ပြင်ပအကူအညီပိုင်းတွင် ကြည့်ပါ။)

ဤလုပ်ငန်းစုတွင် ဝေါဟာရများကို တိတိကျကျ သုံးစွဲထားပါသည်။ သို့သော် အဓိပ္ပါယ်ကောက်ယူရာတွင် လွတ်လပ်မှု ရှိပါသည်။ ဥပမာ - စကားရည်လုရန်အတွက် "ခေါင်းစဉ်" ဆိုသည့်စကားလုံးအစား သင့်အနေဖြင့် ၎င်း၏အယူအဆ သဘောသဘာဝကို ရှင်းပြပြီး "အခြေအနေ" သို့မဟုတ် "ယုံကြည်မှု" ဟု ပြောင်းလဲသုံးနိုင်သည်။ ယင်းသည် ကိစ္စ မရှိပါ။ အချို့ရပ်ရွာများတွင် ရပ်ရွာအတွင်း စကားရည်လုခြင်းသည် ၎င်းတို့ ဘဝတစိတ်တပိုင်း ဖြစ်နိုင်ပါသည်။ အုပ်စုတစ်ခုအတွင်း စကားရည်လုခြင်း ဓလေ့ထုံးစံ စွဲမြဲစွာ ဆောင် ရွက်မှု ရှိနိုင်ပါသည်။

စကားရည်လုခြင်းအမျိုးမျိုးနှင့် ပတ်သက်၍ တမျိုးမဟုတ်တမျိုး ဆောင်ရွက်နိုင်ရန် ဤလုပ်ငန်းစုတွင် ဖော်ပြထားပါသည်။ ယင်းသည် လုံးဝ လွတ်လပ်စွာနှင့် လိုက်နာနိုင်သော အယူအဆ ဖြစ်သည်။ ပညာပေး သူများအနေဖြင့် "စည်းမျဉ်း"များဆိုသည့်အချက်များကြောင့် တွန့်ဆုတ်သွားခြင်း ထိတ်လန့်သွားခြင်း ဖြစ်စရာ မလိုပါ။ လုပ်ငန်းစဉ်ကသာ အရေးကြီးပါသည်။ ယင်းဖြင့် အဆုံးသတ် မသွားပါ။

## ပြင်ပအထောက်အကူ

စကားရည်လုပွဲ လုပ်ငန်းစု၏ အယူအဆသဘောသဘာဝသည် တည့်တိုး ရိုးရှင်းပါသည်။ ဆောင်ရွက် အကောင်အထည်ဖော်ရန် မရှုပ်ထွေးပါ။ မည်သို့ဆိုစေ သင့်အနေဖြင့် ကျောင်းပတ်ဝန်းကျင်တွင် ဖြစ်နေလျှင် စကားရည်လုသည့်အဖွဲ့အစည်း သို့မဟုတ် အဖွဲ့ရှိနိုင်ပါသည်။ ၎င်းတို့၏ ဆရာ ဆရာမ၊ အစီအစဉ် ညှိနှိုင်းရေးမှူးများအနေဖြင့် ဤလေ့ကျင့်ခန်းတွင် ပါဝင်ရန် စိတ်ဝင်စားကြမည် ဖြစ်သည်။ ယင်းတို့ကို ပါဝင် စေခြင်းသည် ရပ်ရွာပူးပေါင်းခြင်း လုပ်ငန်းစဉ်ကို အားဖြည့်ပေးနိုင်ပါသည်။ မည်သို့ဆိုစေ သင့်အုပ်စုထဲမှ လူရွယ်များအပေါ် အာရုံစိုက်ရန် အရေးကြီးပါသည်။ ၎င်းတို့ အားလုံး ပါဝင်စေရပါမည်။

အဖွဲ့အစည်းအချို့ အထူးသဖြင့် အလုပ်သမားသမဂ္ဂများသည် စကားရည်လုသည့် သမိုင်းအစဉ်အလာ ရှိသည်ကို သိထားရမည်။ ယင်းကို ဒီမိုကရေစီနည်းအရ ဆုံးဖြတ်ချက်ချရန် အသုံးချလေ့ရှိကြသည်။ ခေါင်းစဉ်ကို ဆွေးနွေးပွဲများ၊ စည်းဝေးပွဲများတွင်  အနိုင်ပြောကြသည်။ ယင်းတို့ပေါ် အခြေခံ၍ ဆုံးဖြတ်ချက် ချကြသည်။ ရပ်ရွာပူးပေါင်းမှုလုပ်ငန်းစဉ် တစိတ်တပိုင်းအနေဖြင့် အုပ်စုသည် အလုပ်သမားသမဂ္ဂရုံးများဖြင့် အဆက် အသွယ်ပြုရန် စဉ်းစားကြမည် ဖြစ်သည်။ ၎င်းအုပ်စုဖြင့် စကားရည်လုပွဲနည်းထူးများအကြောင်း

နှင့် ရပ်ရွာအတွင်း စကားရည်လုပွဲလုပ်ရန်စီစဉ်ခြင်းတို့တွင် သမဂ္ဂများအနေဖြင့် အုပ်စုဖြင့် လာရောက် ဆောင်ရွက်ရန် ဆန္ဒ ရှိ မရှိ မေးမြန်းနိုင်သည်။ အလုပ်သမားသမဂ္ဂအဖွဲ့အများစုတွင် စကားရည်လုခြင်းနှင့် ဆိုင်သော ပညာပေး ပစ္စည်းရှိပြီး ၎င်းတို့ထံမှ အသုံးပြုခွင့် ပေးနိုင်ပါသည်။

## သင်လိုအပ်မည့်အရာများ



- ✓ စာရွက်နှင့် ကလောင်တံ သို့မဟုတ် ခဲတံ
- ✓ ကလေးအလုပ်သမားနှင့် ပတ်သက်သော သုတေသနပြုရမည့် စာအုပ်စာရွက်စာတန်းများ (အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် နှင့် အခြားနေရာများ)
- ✓ ဖြစ်နိုင်လျှင် အင်တာနက် ဝန်ဆောင်မှု
- ✓ စကားရည်လုရန် အခန်းတစ်ခု။ ရပ်ရွာလူထုအတွက် ဆောင်ရွက်ခြင်းဖြစ်လျှင် ပရိသတ်ဆန့်မည့် အခန်းဖြစ်ရန် လိုသည်။
- ✓ မိုက်ကရိုဖုန်း သို့မဟုတ် ဟန်ပြမိုက်ကရိုဖုန်းအဖြစ်သုံးရန် အခြားပစ္စည်းများ။ ရွေ့ရှားစကားရည် လုပွဲ တွင် သုံးရန် ဖြစ်သည်။



## အစပျိုးခြင်း

သင်ကြားချိန် တစ်ချိန်

လုပ်ငန်းစဉ်၏ ပထမအဆင့်မှာ စကားရည်လုခြင်းဆိုသည့်အကြောင်းနှင့် ပညာပေးရာတွင် ယင်းသည် အဘယ်ကြောင့် အသုံးဝင်သည်ကို လူရွယ်များ သိရှိသဘောပေါက်ရန် လမ်းစဖွင့်ပေးခြင်း ဖြစ်သည်။ ဤပထမအစီအစဉ်ကို အုပ်စုကြီးတစ်ခုလုံးဖြင့် ဆောင်ရွက်ရပါသည်။ အုပ်စုကို အလွတ်သဘော ပုံစံမကျ ထိုင်စေရပါမည်။ ဥပမာ - မြင်းခွာပုံစံမျိုးဖြင့် သင့်အားဝိုင်းပတ်ထိုင်စေခြင်း ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဤအဆင့်တွင် မှတ်စုယူရန် မလိုသေးပါ။



သင့်အုပ်စုဖြင့် ရွေ့လျားစကားရည်လုပွဲ ကိုသာဆောင်ရွက်အကောင်အထည်ဖော်လိုလျှင် ထိုလုပ်ငန်းကို တိုက်ရိုက်တန်းလုပ်နိုင်ပြီး ဤသင်ခန်းစာ၏ နောက်ပိုင်းလုပ်ငန်းများကို ဆောင်ရွက်အကောင် အထည် ဖော်ရန် မလိုတော့ပါ။ မည်သို့ဆိုစေ အုပ်စုအားသမားရိုးကျ စကားရည်လုပွဲအကြောင်း မိတ်ဆက်ပေးလိုလျှင် မည်သို့ဆောင်ရွက်ရသည်ဆိုသည်ကို အချိန်အနည်းငယ်ယူပြီး ရှင်းပြရပါ မည်။

နောက်ဆက်တွဲ ၁ ကို ကိုးကားပါ။ သင့်အတွက် အသုံးဝင်နိုင်ပါသည်။ သို့မဟုတ် စကားရည်လုပွဲတွင် ဒေသ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဖြင့် ဆောင်ရွက်နိုင်ပါသည်။ စကားရည်လုခြင်း၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်ကို ရှင်းပြပါ။ ခေါင်းစဉ်တစ်ခုပေးထားမည်။ ပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် အစုအဖွဲ့နှစ်ဖွဲ့သည် ခေါင်းစဉ်ကို ထောက်ခံသည် မထောက်ခံဆိုသည်ကို ပရိသတ်နှင့် အကဲဖြတ်ဒိုင်အဖွဲ့အရှေ့တွင် ပြောစေရမည်။ ရိုးရိုးပြောရလျှင် အဖွင့်တွင်တင်ပြသော ငြင်းဆိုတင်ပြမှုကို တဖက်ချင်းစီက တဖက်ဆန့်ကျင်သော အဖွဲ့က တင်ပြချက်ကို ပြန်ချေရသည်။ ၎င်းတို့ပြောဆိုမှုသည် မှားယွင်းကြောင်း သက်သေပြရသည်။ ယင်းသို့ပြောဆိုခြင်းဖြင့် ပရိသတ်ထောက်ခံချက်ရရန်နှင့် ဒိုင်အဖွဲ့မှပေးသော အမှတ်များရရန် ဖြစ်သည်။ ပညာပေးသူနှင့် အုပ်စုပေါ်မူတည်၍ ပရိသတ်ထံမှ မေးခွန်းမေးခွင့်နှင့် တဖက်ဖက်ကို ထောက်ခံကြောင်း မှတ်ချက်ပေးခွင့်ပြုမည်ဖြစ်သည်။

ဤလေ့ကျင့်ခန်းတွင် ပါဝင်သူများကိုအချိန်ပေးထားမည်ဖြစ်ကြောင်း အုပ်စုကို ပြောထားပါ။ ဥပမာ - နောက်အစီအစဉ်မစမီ အဖွင့်မှတ်ချက်ပြောကြားရန်နှင့် ၎င်းတို့၏ ဗျူဟာကို ပြင်ဆင်ခြင်း နှင့် အစုအဖွဲ့ ခေါင်းဆောင်ကို လိုအပ်လျှင် ရွေးခြင်းတို့ ဖြစ်သည်။ စကားရည်လုခြင်းသည် အနိုင်ရရန် မဟုတ်ဘဲ ခေါင်းစဉ်ကို ထောက်ခံသည် မထောက်ခံကို ပြောရန် သုတေသနပြုခြင်းနှင့် တဖက်မှ ပြောသည်ကို ငြင်းဆိုရန် အချက်များ ပြင်ဆင်ခြင်းတို့တွင် ပါဝင်ခြင်းသည် အရေးကြီးသည်။ ဤနည်းဖြင့် အုပ်စုသည် ကလေးအလုပ်သမားနှင့် ဆိုင်သော ဆွေးနွေးရမည့်အချက်အချို့ကို သုတေသနပြုရန် တာဝန် ရှိလာပါသည်။

၎င်းတို့ပြင်ဆင်နေမှုများတွင် ကူညီပေးမည်ဖြစ်ကြောင်း ပြောပြထားပါ။ ပြောဆိုချက်များသည် ရှည်လျားမှု မရှိရန် နှင့် လိုသည်ထက်မပိုရန် ပြောပါ။ အဓိကမှာ လိုရင်းတိုရင်းဖြစ်ရန် ဖြစ်သည်။ ငြင်းဆိုမှုကို အထောက် အကူ ဖြစ်စေမည့် ထိရောက်သော ကိုးကားမှု(ဥပမာများ) ကိုသုံးရန် ပြောပါ။ ပြောဆိုမှုသည် ဝေဖန်ပိုင်းခြား မှုရှိရန် လိုကြောင်း ပြောပါ။ ယင်းအတွက် အများအရှေ့ဟောပြောနည်းကို အချိန်ယူ၍ သင်ပေးရန် လိုသည်။ ယင်းနှင့် ပတ်သက်၍ ပြင်ပအထောက်အကူ ရနိုင်လျှင် သုံးစွဲပါ။

စကားရည်လုမည့်အဖွဲ့များကို ရွေးချယ်ပြီး ၎င်းတို့အနေဖြင့် အဖွင့်ပြောဆိုချက်များကို ရေးရန် အဆင်သင့် ဖြစ်လျှင် ၎င်းတို့အနေဖြင့် သုံးစွဲမည့် ဗျူဟာအကြောင်း၊ သုတေသနပြုရန်နှင့် မည်သို့ပြောကြားမည်တို့ကို ဆွေးနွေးရန် တိတ်ဆိတ်သော ပတ်ဝန်းကျင် လိုအပ်ပါသည်။ ဤအချိန်တွင် ပညာပေးသူများထံမှ အထောက်အကူ အများဆုံး လိုအပ်ပါသည်။ အကောင်းဆုံးမှာ စာသင်ခန်း ဖြစ်သည်။ တစ်ယောက်ချင်း စာရေးရန် နေရာနှင့် စာရေးရန် ပစ္စည်းများ ရှရန် လိုပါသည်။

## အုပ်စုဖွဲ့ခြင်း



ရွှေ့လျှားစကားရည်လုရန်အတွက် အုပ်စုတစ်ခုလုံးဖြင့် ဆောင်ရွက်လျှင် အကောင်းဆုံး ဖြစ်သည်။ တစ်ဦးချင်းစီအား ၎င်းတို့သက်ရွယ်တူအချင်းချင်းရှေ့တွင် ပြောဆိုရန် လို၍ ဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာ ပြောဆိုခြင်းသည် လူတိုင်း၏အခြေခံ အခွင့်အရေး ဖြစ်သည်။ ကလေးနှင့် လူရွယ်များ အပါအဝင်ဖြစ်သည်။ ရွှေ့လျှား စကားရည်လုခြင်းအတွက် လူတိုင်းအခွင့်အရေးရရန် အရေးကြီးသည်။

သမားရိုးကျ စကားရည်လုပွဲသည် အုပ်စုတခုလုံး သို့မဟုတ် တစ်ယောက်နှင့် တစ်ယောက်ပြုလုပ်နိုင်သည့် လေ့ကျင့်ခန်း ဖြစ်သည်။ သင် ဆုံးဖြတ်မည့် ပုံစံသည် အုပ်စုအရွယ်ပေါ် မူတည်သည်။ ယင်းသည် လူရွယ် များကို တစ်ဦးချင်းပြောဆိုရဲရန်ဖြစ်ပြီး ပို၍ရင့်ကျက်လာစေရန် ဖြစ်သည်။ အုပ်စုကြီးနေလျှင် စကားရည်လု မည့်အစုအဖွဲ့ ၂ဖွဲ့မှ ၃ ဖွဲ့ထိ ဖွဲ့နိုင်ပါသည်။ (သုံးဖွဲ့သည် ဖွဲ့နေကြ ဖြစ်သည်။ သို့သော် လွတ်လပ်စွာ ဖွဲ့နိုင်ပါသည်)။ သို့သော် ယင်းထက် ပိုမဖွဲ့သင့်ပါ။ အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှအဖွဲ့ဝင် တစ်ဦးစီသည် အချက်တစ်ခုတည်းကိုပင်ငြင်းဆိုမှုပြုရမည်ကိုသတိပြုပါ။ အစုအုပ်စုငယ်လေးများဖြစ်လျှင် ယင်းသို့ထပ်ခါ တလဲ ပြောဆိုခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ အကယ်၍ အုပ်စုကြီး ဖြစ်နေလျှင် စကားရည်လုရန် ခေါင်းစဉ်နှစ်ခု သို့မဟုတ် သုံးခု ထုတ် ထားပါ။ မတူသောအစုအဖွဲ့များကို ခေါင်းစဉ်တစ်ခုချင်းကို အဆိုနှင့်အချေ ပြောစေရမည်။

စကားရည်လုပွဲကို တင်းကြပ်သောစည်းမျဉ်းများနှင့်အညီ သင်ပြုလုပ်မည်ဆိုလျှင် အဆုံးအဖြတ်ပေးမည့် ဒိုင်အဖွဲ့ (နောက်ဆက်တွဲ ၁ တွင် ကြည့်ပါ)ကို ခန့်ထားရန် လိုပါမည်။ စကားရည်လုခြင်းကို တင်ပြပုံနှင့် ဆွေးနွေးပုံတို့ကို အခြေခံပြီး ထွက်ပေါ်လာမှုကို အဆုံးအဖြတ် ပေးရန် ဖြစ်သည်။ ဒိုင်အဖွဲ့ကို "မ" ဂဏာန်း ဖြင့် ဖွဲ့ရန်လိုပါသည်။ သို့မှသာ သရေကျမှုကို ရှောင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ၃ ယောက်ကို ရွေးချယ် လျှင် အကောင်းဆုံး ဖြစ်သည်။ ဒိုင်အဖွဲ့ကို အုပ်စုထဲမှ ရွေးနိုင်ပါသည်။ ထိုအခါ လူတိုင်းပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ မည်သို့ဆိုစေ ရပ်ရွာပူးပေါင်းပါဝင်မှု၏ အစိတ်အပိုင်းအဖြစ် အခြားသူများကို အကဲဖြတ် ဒိုင်အဖြစ် ဆောင်ရွက်ပေးရန် ဖိတ်ကြားနိုင်သည်။ ဥပမာ - ကျောင်းတွင်ရှိသော အခြားအတန်းမှ ဖိတ်နိုင် သည်။

စကားရည်လုပွဲအဖွဲ့များနှင့် အကဲဖြတ်ဒိုင်အဖွဲ့ရွေးသည့်အခါ အုပ်စုအရှိန်အဟုန်ကို သေချာစွာ စဉ်းစားပါ။ ၎င်းတို့၏ ဆက်ဆံရေးကို အတတ်နိုင်ဆုံး သိရန် လုပ်ပါ။ မိန်းကလေး ယောကျ်ားလေး ရောနေခြင်း၊ အစရှိ သည်တို့ ဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် ကောင်းစွာ ဆောင်ရွက်နိုင်မည့်သူတစ်ဦး သို့မဟုတ် အချို့ကို တဖွဲ့ထဲတွင် တွေ့နေလျှင် ထိုပုဂ္ဂိုလ်များကို အခြားအဖွဲ့များသို့ ခွဲထည့်ပါ။ ၎င်းတို့နှင့် အုပ်စုအတွက် ပိုကောင်းလာစေနိုင်ပါသည်။ အကယ်၍ ၎င်းတို့အနေဖြင့် ငြင်းဆိုရန် အခက်ခဲဆုံးဖြစ်နေသည့်အဖွဲ့တွင် ပါဝင်ရလျှင် ပို၍ကောင်းပါသည်။

## ပရိသတ်

ပရိသတ် ရှိခဲ့လျှင် စကားရည်လုပွဲသည် ပို၍တက်ကြွမှု၊ အကျိုးရှိမှုနှင့် ပို၍ပျော်စရာ ကောင်းပါသည်။ သင့်အုပ်စုအနေဖြင့် ပရိသတ်အဖြစ်ပါဝင်ရန်အထိ ကြီးမားနေနိုင်ပါသည်။ အခြားရွေးစရာလမ်းမရှိလျှင် လက်ခံနိုင်ပါသည်။ အကယ်၍ သင့်အနေဖြင့် စာသင်ကျောင်းတွင် ပြုလုပ်ခြင်းဖြစ်လျှင် သို့မဟုတ် အခြား လူရွယ်အဖွဲ့များကိုလည်း ထည့်သွင်းနိုင်သည့်အခြေအနေရှိလျှင် (ဥပမာ - အခြားအတန်းများ) ထိုအထဲမှ တစ်ဖွဲ့ကို နားထောင်ရန် ဖိတ် ကြားနိုင်ပါသည်။ စကားရည်လုပွဲတွင် ပါဝင်ရန်ပင် ပြောနိုင်ပါသည်။ ယင်းသည် အကြောင်း သုံးချက်ကြောင့် အရေးကြီးပါသည်။

- စကားရည်လုသည့်အစုအဖွဲ့တွင်ပို၍ခက်ခဲလာနိုင်သည်။ ထိုအခက်အခဲများသည် လုပ်ဆောင်မှု များကို ပေါ်ထွက်စေသည်။ ၎င်းတို့၏ သက်ရွယ်တူများအရှေ့ ဟောပြောရမည် ဖြစ်သည်။ ယင်းသည် ၎င်းတို့လုပ်ဆောင်မှုကို ပိုကောင်းလာစေသည်။
- ဆင့်ကဲအသိတရားတိုးပွားမှု ပိုများပြားလာစေသည်။ ပရိသတ်သည် ကလေးအလုပ် သမားနှင့် ဆိုင်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စများ ဆွေးနွေးနေသည်ကို နားထောင်ကြမည် ဖြစ်သည်။ သတင်းအချက်အလက်များကို ပြောနေသည်မှာ ၎င်းတို့၏ သက်ရွယ်တူများ ဖြစ်သည်ကို သတိထားမိမည်။ ယင်းသည် ၎င်းတို့ နားထောင်နေရသည့်အကြောင်းအရာ၏တန်ဖိုးနှင့် သက်ရောက်မှုကို အလွန်တိုးပွားလာစေမည် ဖြစ်သည်။
- စကားရည်လုပွဲတွင် ပါဝင်သော လူရွယ်များ၏ကိုယ်စွမ်းကိုယ်စနှင့် ယုံကြည်မှုမြင့်မားလာစေမည် ဖြစ်သည်။ ပြီးဆုံးသွားလျှင် ၎င်းတို့အနေဖြင့် အရေးကြီးသောကိစ္စရပ်တွင် ပါဝင်ခဲ့သည်ကို နားလည်လာမည် ဖြစ်သည်။ ၎င်းတို့မကြာမီက ရခဲ့သော ဗဟုသုတကို လက်ဆင့်ကမ်းနိုင်သည်ကိုလည်း သိနားလည်လာမည် ဖြစ်သည်။

သင့်အနေဖြင့် နားထောင်နေသော ပရိသတ်ကို အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်စေရန် ဆုံးဖြတ်နိုင်သည်။ ဟောပြောမည့်သူများ ပြီးဆုံးပြီး ၎င်းတို့၏ ငြင်းဆိုချက်များ အကျဉ်းချုပ်ပြီးလျှင် ပရိသတ်အား ဆုံးဖြတ် ပေးရန် ပြောနိုင်သည်။ ဆုံးဖြတ်ပေးရန် မဲပေးစေနိုင်သည်။ မည်သည့်အစုအဖွဲ့က အကောင်းဆုံး ငြင်းဆိုမှု ပြုနိုင်သည်ကို ဆုံးဖြတ်စေနိုင်သည်။ ယင်းသည် ဒီမိုကရေစီနည်းလမ်း အလွန်ဆန်ပါသည်။ တဦး သို့မဟုတ် နှစ်ဦးအား ၎င်းတို့ အဘယ်ကြောင့် တဖွဲ့ သို့မဟုတ် အခြားအဖွဲ့ကို မဲပေးခဲ့ကြောင်း ပြောကြားစေနိုင်သည်။

အုပ်စု၏ဦးတည်ချက်နှင့် ရည်မှန်းချက်ပေါ်မူတည်၍ အခြားပုဂ္ဂိုလ်များအားလည်း ဖိတ်ကြားနိုင်ပါသည်။ မိဘများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ လူထုဆက်သွယ်ရေး၊ လူမှုမိတ်ဖက်အဖွဲ့ အစရှိသည် တို့ဖြစ်သည်။

# လုပ်ငန်း ၁။
# ရွှေ့လျှား စကားရည်လုပွဲ

နှစ်ချိန်ဆက် သင်ကြားချိန် တစ်ချိန်

အောက်ပါနည်းထူးသည် ထိခိုက်ရန်လိုမှုမရှိခြင်းနှင့် စိတ်လက်ပေါ့ပါးစွာဖြင့် စကားရည်လုရန် ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်သည့်နည်း ဖြစ်သည်။ အုပ်စုအတွင်း ယုံကြည်မှုတည်ဆောက်ခြင်း ပေါ်ထွက် လာရန်ဖြစ်သည်။ ယင်းကို ကမ္ဘာနှင့်အဝှမ်း အဖွဲ့အစည်းအများအပြားက သုံးစွဲပါသည်။ ငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးအဖွဲ့များ အပါအဝင် ဖြစ်သည်။ နှစ်ဖက်ခွဲခြားခံထားရသော မတူညီသည့် အဖွဲ့များ အား နှစ်ဦး နှစ်ဖက် လက်ခံနိုင်ပြီး လေးစားမှုနှင့် ပြောဆိုနိုင်ရန် တိုက်တွန်းအားပေးရန်အတွက် ဖြစ်သည်။

ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်အတော်များများတွင် အနည်းဆုံး နှစ်ဖက်ရှိနိုင်သည်ကို လူရွယ်များအား သိရှိနားလည်စေရန် လေ့ကျင့်ခန်းက ပြုလုပ်ပေးနိုင်ပါသည်။ မည်သည့်ဖက်ကမှ မှားသည် အမှန်သည် ဟူ၍မရှိပါ။ ကောင်းမွန်စွာ ကိုင်တွယ်နိုင်ခဲ့လျှင် ယင်းသည် အုပ်စုအတွင်း ယုံကြည်မှု၊ လေးစားမှုနှင့် နားလည် သဘောပေါက်မှု ရှိစေနိုင်ပါသည်။ ထိုအခါတစ်ဦးချင်းစီသည် ဆွေးနွေးအဖြေရှာရမည့်ကိစ္စအပေါ် ၎င်းတို့၏ အယူအဆကို ရဲဝင့်စွာ ဖေါ်ထုတ် နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ ပြောဆိုချက်ကို နားထောင်ပြီး အမြင်အယူအဆကို လေးစားမှုရှိမည်ဟု ခံစားလာကြမည်ဖြစ်သည်။ လူရွယ်များအနေဖြင့် ဆွေးနွေး အဖြေရှာရမည့်ကိစ္စရပ်တစ်ခုအပေါ် ၎င်းတို့ထင်မြင် ယူဆချက်ရှိလျှင် ၎င်းတို့၏ ယုံကြည်မှုကို ရဲဝင့်စွာ ပြောကြားခြင်း၊ ၎င်းတို့ယုံကြည်မှုကို လှောင်ပြောင်မည်ကို စိုးရိမ်မှု မရှိခြင်း သို့မဟုတ် အပြစ်ဖို့ခံရရန် မကြောက်ရွံ့ခြင်းတို့ ရှိလာရန်လည်း ကူညီပေးနိုင်ပါသည်။ ထိုဆွေးနွေးအဖြေရှာရမည့်ကိစ္စသည် မည်သည့်ကိစ္စဖြစ်နေပါစေ သို့မဟုတ် ၎င်း၏ရပ်တည်ချက်သည် အများနှင့် ဆန့်ကျင်သည် မဆန့်ကျင်သည် ဖြစ်စေ ၎င်းတို့တွင် သတ္တိများ ရှိလာပါသည်။ ထို့ပြင် အချင်းချင်း အပြန်အလှန် လေးစားမှုရှိရန်နှင့် အခြေခံအခွင့်အရေး၊ အထူးသဖြင့် လွတ်လပ်စွာ ပြောဆိုခွင့် အခွင့်အရေး တို့ကိုလည်း လူရွယ်များအား နားလည်သဘောပေါက် စေပါသည်။

မပြောမဆိုရဲသော ကိုယ့်ကိုကိုယ်ယုံကြည်မှု မရှိသော သို့မဟုတ် ဆွေးနွေးအဖြေရှာရမည့်ကိစ္စကို တိတိ ကျကျမသိ၍ ထောက်ခံရမည် သို့မဟုတ် မထောက်ခံရ ဆိုသည်ကို မဆုံးဖြတ်နိုင်သော လူရွယ်များအတွက် လည်း ဤလုပ်ငန်းစဉ်က ထွက်ပေါက်ပေးထားပါသည်။ ဤလေ့ကျင့်ခန်းတွင် လူရွယ်များသည် ၎င်းတို့ မသိ ကြောင်း သို့မဟုတ် မဆုံးဖြတ်နိုင်ကြောင်း ပြောနိုင်ပါသည်။ ဤလုပ်ငန်းစဉ်၏ ခွန်အားအရှိဆုံးအပိုင်းမှာ မည်သူမဆို

၎င်းတို့အတွေးကို အချိန်မရွေး ပြောင်းနိုင်ခြင်း ဖြစ်သည်။ အခြားသူများ၏ ထင်မြင်ယူဆချက် ရပ်တည်ချက်ကို ကြားသိပြီးသည့်အခါ ဖြစ်သည်။ ယင်းသည် လူရွယ်များအတွက် အရေးကြီးသော ဖွံ့ဖြိုးမှု တစ်ခုဖြစ်သည်။ ပြေလျော့မှုရှိနိုင်ပြီး စိတ်ကူးအသစ်နှင့် သတင်းအချက်အလက်အသစ်များကို လက်ခံနိုင် သည်ဆိုသည်ကို သိလာသည်။ အခြားသူပြောဆိုသည်ကို သေချာစွာ နားမထောင်တတ်ခြင်းနှင့် ဆွေးနွေး အဖြေရှာရမည့်ကိစ္စရပ်တစ်ခုကို အဓိပ္ပါယ် ကောက်ယူချက် လွဲမှားသွားသည်ဆိုသည်ကို ဝန်မခံခြင်းမျိုးကို ဆွဲကိုင်ထားသူမျိုး မဖြစ်သင့်ကြောင်းကို ၎င်းတို့နားလည်သဘောပေါက် သွားရန် လိုသည်။ ဤစိတ်နေ စိတ်ထားမျိုးသည် လူမှုအဖွဲ့အစည်းများအား ဒုက္ခရောက်စေမှု ပျက်စီးမှုတို့ ဖြစ်စေ သည်။ အထူးသဖြင့် ပဋိပက္ခ ဖြစ်သည့်နေရာတွင်ရှိနေသူများတွင်ဖြစ်သည်။

အဖွဲ့တစ်ခုလုံးဆန့်ကျင်သည့်အခန်း သို့မဟုတ် နေရာလွတ်တစ်ခုဖြစ်ရန် အရေးကြီးသည် (ရာသီဥတု သာယာလျှင် အပြင်တွင် လုပ်နိုင်သည်)။ ဤစကားရည်လုပွဲလေ့ကျင့်ခန်းကို အများမြင်ကွင်းတွင် မလုပ်သင့် ပါ။ ၎င်းတို့၏ သက်ရွယ်တူ ပရိသတ်များအနေဖြင့် အုပ်စုကို ဟန့်တားခြင်း၊ လုပ်ဆောင်မှုကို သေးသိမ် အောင်လုပ်ခြင်း၊ အချင်းချင်း ယုံကြည်မှုနှင့် လေးစားမှု တည်ဆောက် နေခြင်းတို့ကိုပျက်စီးအောင် လုပ်နိုင်၍ ဖြစ်သည်။

အခန်းအလယ်တွင် အုပ်စုကိုစုပြီး ရပ်နေပါစေ။ လေ့ကျင့်ခန်းနှင့်ဆိုင်သော စည်းမျဉ်းများကို ရှင်းပြပါ။

## စည်းမျဉ်းများ

- စကားရည်လုပွဲအတွက် ဆွေးနွေးအဖြေရှာရမည့် ခေါင်းစဉ်တစ်ခုကို သင့်အနေဖြင့် ဖတ်ပြပါ။
- ယင်းခေါင်းစဉ်ကို ထောက်ခံသဘောတူသူများကို တဖက်တွင် စုရန်ပြောပါ။ (သင့်အနေဖြင့် အခန်း၏ ညာဖက်တွင် စုရပ်ခိုင်းပါ။) သဘောမတူဆန့်ကျင်သူများကို အခြားတဖက်တွင် စုရပ်ခိုင်းပါ။ မရေရာ မသေချာ မဆုံးဖြတ်နိုင်သူများကို အခန်းအလယ်တွင် သာရပ်နေပါစေ။
- တယောက်ယောက်က ပြောကြားလိုလျှင် ဟန်ပြမိုက်ကရိုဖုန်းကို မြှောက်ကိုင်ပြရမည်။ တစ်ဦး တစ်ယောက်က မိုက်ကရိုဖုန်းကို



မြောက်ကိုင်ထားလျှင် အခြားသူများက ဘာမျှမပြောရ သို့မဟုတ် ကြားဖြတ်မပြောရပါ။ ထိုသူပြောဆိုပြီးလျှင် အခြားပုဂ္ဂိုလ်များက မိုက်ကရိုဖုန်းကို တောင်းယူ နိုင်သည်။ ပညာပေးသူသင်က မိုက်ကရိုဖုန်းတောင်းသူများထံ ပို့ပေးရမည်။

- မည်သူမဆိုအချိန်မရွေး ဘက်ပြောင်းနိုင်ပါသည်။ ငြင်းဆိုသိမ်းသွင်းမှုကြောင့် ၎င်းတို့မူလ ရပ်တည် ချက်ကိုပြန်စဉ်းစားနိုင်ရန်နိုင်သည်။ သို့မဟုတ် ဘာမှန်းမသိတော့၍ အလယ်သို့ ပြောင်းရပ်နိုင် သည်။ ၎င်းတို့စိတ်ပြောင်းသွားသည့်အတွက် တွန့်ဆုတ်မနေ သို့မဟုတ် စိတ်မသက်မသာ ဖြစ်မနေစေရပါ။ ယင်းမှာ အားနည်းခြင်းလက္ခဏာ မဟုတ်ပါ။ ယင်းသည်အခြားသူများ၏ အမြင် ရှုဒေါင့်ကို နားထောင်လိုသည် ဆိုသည်ကို ညွှန်ပြချက် ဖြစ်သည်။ ထိုဆန့်ကျင်ဖက်အမြင်ကို သဘောတူလာသည်ကို ပြခြင်း ဖြစ်သည်။
- ရှုံးသူနိုင်သူဟူ၍ မရှိပါ။ တဖက်တွင် လူပိုများလာစေရန် သို့မဟုတ် အသာစီးရလာစေရန် မဟုတ်ပါ။ မိမိအမြင်ကို ဖေါ်ပြရန်နှင့် အခြားသူများပြောသည်ကို နားထောင်ရန်သာ ဖြစ်သည်။

ဟန်ပြမိုက်ကရိုဖုန်းအဖြစ်သုံးရန် သင့်အနေဖြင့် ကြိုက်နှစ်သက်ရာ ပစ္စည်းကို ရွေးနိုင်သည်။ တကယ့်မိုက်ကရိုဖုန်း (သို့သော် စက်ဖွင့်မထားရပါ)လည်း ဖြစ်နိုင်သည်။ ဟင်းသီးဟင်းရွက်၊ တင်းနစ်ဘောလုံး၊ အရုပ်တစ်ခု၊ တုတ် တချောင်း ဘာမဆို သုံးနိုင်သည်။ ယင်းသည် အကြောင်းမဟုတ်ပါ။ အရေးကြီးသည်မှာ ဘာကို ကိုယ်စားပြု သလဲဆိုခြင်းပင် ဖြစ်သည်။ ဆွေးနွေးအဖြေရှာရမည့်ကိစ္စတစ်ရပ်ကို ပြောခွင့်နှင့် မိမိအမြင်ကို ဖေါ်ပြခွင့်ရခြင်းသာအရေးကြီးသည်။ ဟန်ပြမိုက်ကရိုဖုန်းရပြီလျှင်ပင် စကားရည်လုပွဲအတွက် ပျော်စရာဟာသတစ်ခုလုပ်ပြီးသား ဖြစ် သွားသည်။ ယင်းမှာ ကောင်းပါသည်။ စိတ်ကျဉ်းကြပ်နေမှုကို လျော့စေသည်။ အုပ်စုကို ရယ်မောစေသည်။ ထိုအခါ ရင်းနှီးမှုအတွက် အထောက်အကူ ဖြစ်စေသည်။

မည်သူမျှ ဟန်ပြမိုက်ကရိုဖုန်းမရဘဲ စကားမပြောရဆိုသည့်စည်းမျဉ်းကို ရှင်းရှင်းလင်းလင်း သိရှိစေပြီး တင်းကြပ်ထားရမည်။ သို့မှသာ သင့်အနေဖြင့် သေချာစွာ ဆောင်ရွက်၍ရမည် ဖြစ်သည်။ အခြားသူများအား ဖေါ်ထုတ်ပြောဆိုရန် ခွင့်ပြုရန်လိုသည်ဆိုသည်ကို အုပ်စုအား သိရှိနားလည်သွားစေရန် လိုသည်။ ထိုသူ ပြောဆိုချက်ကို သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ပြောခွင့်ပေးရမည် ဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခြင်းဆိုသည့်သဘောတရားကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။ လူမှုအဖွဲ့အစည်းအတွင်း လူပုဂ္ဂိုလ်များ တွေးခေါ်မှုနှင့် လုပ်ကိုင်ပုံမတူခြင်းသည် မည်သူ မှားသည် မည်သူ မှန်သည်ဆိုသည်နှင့်မဆိုင်ဆိုသည် ကို သိစေခြင်း ဖြစ်သည်။



## စကားရည်လုပွဲလုပ်ခြင်း

လူတိုင်းသဘောတရားကို နားလည်သဘောပေါက်သွားခဲ့ပြီဆိုလျှင် သင့်အနေဖြင့် စကားရည်လုပွဲ စတင် နိုင်ပြီ ဖြစ်သည်။

- ခေါင်းစဉ်ကို ဖတ်ပြပါ။ လူတိုင်းသေချာစွာ နားလည်သဘောပေါက် ပါစေ။
- စကားရည်လုပွဲကို စတင်လိုသူ ရှိ မရှိ မေးပါ။ အကယ်၍ မည်သူမျှ ချက်ချင်းထ မပြောလျှင်၊ အုပ်စု ထဲမှ တစ်ဦးဦးအား ၎င်းတို့သည် အဘယ်ကြောင့်ထိုရပ်တည်ချက် ရှိရသည်ကို ပြောဆိုရန်တိုက်တွန်းရမည်။ အကယ်၍ မည်သူတစ်ဦးတစ်ယောက်မျှ စပြောမည့်သူ မရှိလျှင် သင့်အနေဖြင့် တစ်ဦးဦးကို ရွေးချယ်ရမည် ဖြစ်သည်။
- ပထမဆုံးငြင်းဆိုချက်ကို ကြားသိပြီးလျှင် ယင်းကို တုန့်ပြန်ရန် မည်သူ ရှိသနည်းဟု မေးပါ။ လိုအပ်လျှင် တစ်ဦးဦးကို ရွေးထုတ်ပါ။ ထိုပုဂ္ဂိုလ်ကို မိုက်ကရိုဖုန်း ပေးပါ။
- စကားရည်လုပွဲကို သူ့အရှိန်ဖြင့် သူလွှတ်ထားပါ။ ပြောလိုသူထံ မိုက်ကရိုဖုန်း ကမ်းပေးပါ။ သို့သော် ထောက်ခံသူ သို့မဟုတ် ကန့်ကွက်ပြောဆိုသူတလှည့်စီ ပြောကြလျှင် အကောင်းဆုံး ဖြစ်သည်။
- အလယ်တွင် ရပ်နေသောသူများလည်း ပြောဆိုကြပါစေ။ ၎င်းတို့အနေဖြင့် အဘယ်ကြောင့် မသေချာမှု ဖြစ်နေရသည်ကို ရှင်းပြရန် ပြောပါ။ ၎င်းတို့ နားထောင်ခဲ့သည့် ငြင်းဆိုမှုများထဲမှ ၎င်းတို့ အား ထင်မြင်ယူဆချက် တစ်ခုရရှိစေပါသလားဟု မေးပါ။ တဖက်ဖက်သို့ ပါဝင်လိုခြင်း ရှိ မရှိ မေးပါ။ ဤအဆင့်တွင် တစ်ဦး သို့မဟုတ် နှစ်ဦးခန့် တဖက်ဖက်သို့ ပါဝင်သွားမည် ဖြစ်သည်။

စကားရည်လုပွဲတစ်ခုသည် အလိုလိုပြီးဆုံးသွားနိုင်ပါသည်။ နောက်ထပ်ပြောစရာများ မရှိတော့လျှင် ရပ်သွား နိုင်ပါသည်။ သို့မဟုတ် သင်ဆုံးဖြတ်ပြီး ရပ်ခိုင်းလျှင် ပြီးဆုံးသွားမည် ဖြစ်ပါသည်။ (အချို့ဆွေးနွေးအဖြေရှာ ရမည့်ကိစ္စရပ်များသည် အချိန်ယူနိုင်ပါသည်။) အမှားအမှန်မရှိဆိုသည်ကို အလေးပေး ပြောကြားပါ။ ဟုတ်သည် မဟုတ်ဆိုခြင်း၊ အဖြူအမဲဆိုခြင်းတို့ မရှိကြောင်းနှင့် မည်သည့်အဖွဲ့က နိုင်သည်၊ မည်သည့် အဖွဲ့က ရှုံးသည်မရှိကြောင်း ပြောရပါမည်။ လူမှုအဖွဲ့အစည်းမှ မည်သူမဆို သူထင်မြင်ယူဆခွင့်နှင့် အမြင်ရှိခွင့် ရှိပါသည်။ လူပုဂ္ဂိုလ်များ၊ အုပ်စုများအနေဖြင့် ရပ်တည်ချက်တစ်ခုခုရှိပြီး ထင်မြင်ယူဆချက်နှင့်အမြင်များ လက်ကိုင်ထားသည့်အခါ ရပ်ရွာအဖွဲ့ အစည်းအနေဖြင့် စိန်ခေါ်မှုများကို အပြင်းအထန် စတင်ကြုံတွေ့ကြ ရပါသည်။ ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များကို သေချာစွာသိရှိမှု မရှိခြင်းနှင့် သို့မဟုတ် နားလည်သဘော ပေါက်ခြင်းမရှိခြင်းတို့အပေါ် အခြေခံပြီး ၎င်းတို့၏ ထင်မြင်ယူဆချက်နှင့်အမြင်များကို တရားသေ စွဲကိုင်ထား ကြလျှင် ဖြစ်သည်။

အုပ်စုများ ဆွေးနွေးသည့်အခါ ၎င်းတို့၏စိတ်ဝင်စားမှု ရှိ မရှိကို သင်ကိုယ်တိုင် ဆန်းစစ် ရန် လိုပါမည်။ ပထမစပြောသူအနည်းငယ် ပြောပြီးသည့်အခါ အရှိန်ရလာကြမည် ဖြစ်သည်ကို တွေ့ရမည် ဖြစ်သည်။ အခြားသူများပြောသည့်အချက်အလက်ကို ထိုအုပ်စုတွင်းမှ ပုဂ္ဂိုလ်များက တုန့်ပြန်ပြောကြားလို ခြင်းများ ရှိနိုင်ပါသည်။

## စတင်ပြောကြားချက်များ

ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်ကို ပြောရန် အုပ်စုအား တိုက်တွန်းရန် ဖြစ်သော်လည်း လေ့ကျင့်ခန်းကို ပျော်စရာ ခေါင်းစဉ်နှစ်ခုလောက်ဖြင့် စတင်လျှင် ပို၍ ထိရောက်နိုင်ပါသည်။ အုပ်စုအား တနည်းနည်းဖြင့် နှစ်ခြိုက်စေမည့်ခေါင်းစဉ်များ ဖြစ်ရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် စိတ်လွတ်ကိုယ်လွတ် ဖြစ်စေသည့်အကြောင်းအရာဖြစ်ပြီး ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဆွေးနွေးအဖြေရှာရမည့်ကိစ္စများ ဖြင့် မပတ်သက်စေရပါ။ လေ့ကျင့်ခန်း၏အစပိုင်းတွင် အုပ်စုအတွင်းယုံကြည်မှု၊ ကိုယ်ကိုကိုယ်ယုံကြည်မှုနှင့် လေးစားမှုကို စတင် တည်ဆောက်မှု ရှိစေရပါမည်။ ပျော်စရာဖြင့်စတင်မိတ်ဆက် ခဲ့လျှင် အချင်းချင်း ထိခိုက်နစ်နာမှု မရှိစေဘဲ အုပ်စုတွင်း အရှိန်အဟုန်ကို လျင်မြန်စွာ တည်ဆောက်နိုင်ပါသည်။ အုပ်စုအတွင်း အရှိန်အဟုန်ရရှိပြီ ဟုထင်လျှင် ကလေးအလုပ်သမား နှင့်ပတ်သက်သော ဆွေးနွေးအဖြေရှာရန်ကိစ္စကို စတင်မိတ်ဆက် နိုင်ပါသည်။

စကားရည်လုပွဲအတွက် သင်ရွေးချယ်ထားသော ခေါင်းစဉ် သို့မဟုတ် အဆိုပြုချက်သည် အခြေနေတခုနှင့် တခုပေါ်မူတည်၍ အလွန်ကွဲပြားသွားမည် ဖြစ်သည်။ လုပ်ငန်းစု အနေဖြင့် ထိုအခြေအနေအားလုံးအတွက် သုံးနိုင်သောတိကျသည့် အကြောင်းအရာများ မပေးနိုင်ပါ။ သင့်အုပ်စုအတွက် စိတ်ဝင်စားနိုင်မည့် အစပျိုးနိုင်သောအချက် များကို သင်သာလျှင် ဖေါ်ထုတ်နိုင်စွမ်းရှိပါသည်။ ယင်းသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုရေးနှင့် အခြား အချက်များပေါ် အခြေခံမည် ဖြစ်သည်။

ခေါင်းစဉ်ကို စဉ်းစားသည့်အခါ အုပ်စု၏ လူမှုဘဝနှင့် ကိုက်ညီမည့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များ အပေါ် အဓိကထားခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။အကယ်၍ သင်၏ လူမှုအဖွဲ့အစည်းတွင် နာမည်ကျော် အဆိုကျော် သို့မဟုတ် တီးဝိုင်းအဖွဲ့ရှိလျှင် သင်၏အဆိုပြုချက်ကို အောက်ပါအတိုင်း ရေးနိုင် ပါသည်။



"(တီးဝိုင်းအမည်) ........သည် တော်သည့်အဖွဲ့ဖြစ်ပြီး နိုင်ငံတော်တွင် ဂုဏ်ထူးဆောင်အဖွဲ့ ဖြစ် သည်။"

အချို့အဖွဲ့သားများသည် ထိုတီးဝိုင်းကို ကြိုက်ပြီး အချို့က မကြိုက်ကြပါ။ အကြောင်းအမျိုးမျိုး ရှိကြပါမည်။ မည်သို့ဆိုစေ ၎င်းတို့အနေဖြင့်

ယင်းဆွေးနွေးအဖြေရှာရမည့်ကိစ္စကို ဖေါ်ပြရန် အနည်းငယ် အခက်အခဲ ရှိကြမည် ဖြစ်သည်။ အနည်းငယ်ရန်လိုခြင်း၊ သွေးဆူလာခြင်း ဖြစ်နိုင်စရာ ရှိ၍ ဖြစ်ပါသည်။ တခြားတနည်း တလမ်း အနေဖြင့် သင့်နိုင်ငံ သို့မဟုတ် နယ်မြေတွင် ထင်ပေါ်သော အားကစားနည်းတစ်ခုရှိလျှင် အသင်း တစ်ခုခုနှင့် ပတ်သက်သည့် အဆိုပြုချက်ဖြင့် စတင်နိုင်ပါသည်။ ယင်းသည်လည်း အုပ်စုကို ခွဲထုတ်ရာ ရောက်နိုင်သည်။ သို့သော် အားလုံးထိခိုက်နစ်နာမှု ရှိသည့်နည်းဖြင့် မဟုတ်ပါ။ အုပ်စုအတွင်း စိတ်မကျေနပ် မှု မရှိစေနိုင်သော အဆိုပြုချက်များကို ရေးထားပါ။ သို့သော် ပျော်ရွှင်မှု ရှိစေရပါမည်။

## အဓိကခေါင်းစဉ်များ

အုပ်စုအနေဖြင့် လေ့ကျင့်ခန်းအကြောင်း သိရှိနားလည်သွားပြီဟု သင်ထင်သည့်အခါနှင့် လူတိုင်းပါဝင်လာ ပြီး အုပ်စုအရှိန်အဟုန်ရလာပြီဆိုလျှင် အဓိက ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကို သင့်အနေဖြင့် မိတ်ဆက် သင့်ပါသည်။ အောက်တွင် ကလေးအလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ် ဆိုင်ရာ အဆိုပြုလွှာအချို့ကို အကြံပြုထားပါသည်။ ဤအဆိုပြုလွှာများသည် လူပုဂ္ဂိုလ်တဦးချင်းစီကို တနည်းနည်း ဖြင့်စိန်ခေါ်နေမည်ဖြစ်သည်။ တခါတရံ တုန့်ပြန်မှု ကောင်းလာစေရန် ယင်းတို့ကို သဘောမတူနိုင် သည့်ပုံမျိုးဖြင့် ရေးရသည်။ ယင်းကို ထိန်းချုပ်မှု ရှိပြီး ပျော်စရာပုံမျိုးဖြင့် လုပ်နိုင်သည်။ သို့သော် သင့်အနေဖြင့် ထိန်းချုပ်နိုင်စွမ်းရှိရမည်။ ဥပမာ- အဆိုပြု ချက်တခုဖြစ်သော “အမျိုးသမီးတစ်ဦး၏ နေရာမှာ အိမ်တွင်း၌သာရှိသည်” ဆိုသည်ကို တင်သွင်းနိုင်သည်။ ယင်းကို မိန်းကလေးများထံမှ ပြင်းထန်သော တုန့်ပြန်မှုကို ပေါ်ထွက်လာစေပြီး ယင်းသည် အလွန်ကောင်းပါသည်။ ရည်ရွယ်ချက်မှာ အုပ်စုကို ဘာလုပ်ရမည်ဆိုသည်ကို ရွှတ်ပြနေခြင်းမဟုတ်ဘဲ ၎င်းတို့လက်ရှိ ရပ်တည်ချက်နှင့် နားလည် သဘောပေါက်မှုကို ဆန်းစစ်ရန်သာ ဖြစ်သည်။ ၎င်းတို့အတွင်း ရိုးသားစွာနှင့် ပွင့်လင်းစွာ ဆွေးနွေးရန် တိုက်တွန်းရန်နှင့် သတင်းအချက်အလက်များပိုပေးရန် ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် အုပ်စုအားပို အားကောင်း လာစေရန်နှင့် ၎င်းတို့၏ အုပ်စုအရှိန်အဟုန် မြင့်မားလာစေရန် စီမံထားခြင်း ဖြစ်သည်။ အုပ်စုကွဲသွားရန် မဟုတ်ပါ။

ပြီးခဲ့သော ဆွေးနွေးချက်များသည် ပျော်စရာအပိုင်းများအပေါ် အများအပြား အခြေခံထားပါသည်။ နောက်လုပ်မည့် လေ့ကျင့်ခန်းသည် ပို၍လေးနက်မှု ရှိသည်။ သို့သော် စိတ်လက်ပေါ့ပါးပြီး ပွင့်လင်းမှု ရှိနိုင် သမျှ ရှိစေပါမည်။ ဤလေ့ကျင့်ခန်း ပြုလုပ်သည့်အဆင့်တွင် ဆွေးနွေးခြင်းများ၊ ဆွေးနွေးခြင်းအဆင့်များ၊ နားထောင်ခြင်း၊ လေးစားခြင်းများသည် အခြေခံကြသည်။ သင့်အနေဖြင့် ယင်းတို့ကို သေချာစွာ စီမံခန့်ခွဲ ရမည်ဖြစ်ပြီး နှစ်ဖက်မှ ငြင်းဆိုချက်များကို လေးစားမှု ရှိရမည်။ အကယ်၍ စကားရည်လုပွဲသည် အလွန် ဆူညံလာပြီး ထိန်းသိမ်း၍ မရနိုင်တော့ဟုထင်လျှင်

ဆွေးနွေးမှုများ အားလုံးကို အကဲဖြတ် ဆုံးဖြတ်ခြင်း မပြုရန် နှင့် အမြင်မတူညီမှုကို လေးစားရန် ကြားဝင်သတိပေးရမည်။

အချို့အကြံပေးနိုင်သော အဆိုပြုချက်များတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- ယောက်ျားလေးနှင့် မိန်းကလေးများသည် တန်းတူပညာသင်ကြားခွင့်ရှိသည်။
- အမျိုးသမီးတစ်ဦး၏နေရာသည် အိမ်တွင်း၌ ဖြစ်သည်။
- အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ အလုပ်လုပ်ခွင့်ရှိသည်။
- ယောက်ျားလေးများနှင့် မိန်းကလေးများသည် စာသင်ကျောင်းတွင်သာ ရှိရမည်။ အလုပ်နေရာ များတွင် မရှိရ။
- ၎င်းတို့၏ အသက်ရှင်ရပ်တည်မှုသည် အလုပ်လုပ်ခြင်းပေါ် မူတည်လျှင် ယောက်ျားလေးများနှင့် မိန်းကလေးများသည် အလုပ်လုပ်သည်ကို လက်ခံနိုင်သည်။
- ယောက်ျားလေးများနှင့် မိန်းကလေးများအတွက် သင့်လျော်သော အလုပ်လုပ်နိုင်သည့် အခြေ အနေကို ဖန်တီးပေးရမည်။

သင်ပေးသည့်အဆိုပြုလွှာများတွင် သဘောမတူနိုင်သည့်အချက် အများအပြား မပါဝင်စေလိုမည်မဟုတ်ပါ။ ယင်းကို လက်ခံနိုင်ပါသည်။ အထက်ပါတို့သည် အကြံပြုချက်များသာ ဖြစ်သည်။ ယင်းတို့နှင့် အလားတူ သင့်အခြေအနေနှင့် ကိုက်ညီမည့် စိတ်ကူးအကြံဉာဏ်များဖြင့်အဆိုပြုချက်များဖေါ်ထုတ်နိုင်ရန် အထောက် အကူ ဖြစ်စေနိုင်မည်ဟု မျှော်လင့်ပါသည်။

## လုပ်ငန်း ၂။ ပုံစံတကျစကားရည်လုခြင်း

သင်ကြားချိန် တချိန်နှစ်ခါနှင့် နှစ်ချိန်ဆက်တစ်ချိန်။ သုတေသနပြုခြင်း၊ ပြင်ဆင်ခြင်းနှင့် အစမ်းလေ့ကျင့်ချိန် များထပ်ပေါင်းရန်။

ပုံစံတကျ စကားရည်လုခြင်း ပထမအဆင့်မှာ ခေါင်းစဉ် သို့မဟုတ် နှစ်ဖက် ငြင်းဆိုကြမည့် အခြေအနေ သတ်မှတ်ခြင်း ဖြစ်သည်။ ယင်းသည် ကလေးအလုပ်သမားနှင့် ဆက်စပ်မှု ရှိနိုင်သမျှ ရှိရမည်။ ရွေးချယ်ရန် နည်းလမ်းနှစ်ခု ရှိသည်။ ပထမမှာ စိတ်ဝင်စားမှု နည်းနိုင်သည်။ သင်ကိုယ်တိုင် ခေါင်းစဉ် ရွေးချယ်ခြင်း သို့မဟုတ် အခြားအဖွဲ့များဖြင့် ရွေးချယ်ခြင်း ဖြစ်သည်။ ဒုတိယမှာ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်။ ပျော်စရာများနှင့်

ဤသင်ကြားပုံဖြစ်သော ဒီမိုကရေစီ သဘာဝ နှင့် ပေါင်းစပ်ထားသည်။ အုပ်စုတခုလုံးပါဝင်စေပြီး သုံးစွဲ၍ ဖြစ်နိုင်သည့်ခေါင်းစဉ်များ ဖေါ်ထုတ်ရန် အုပ်စုအား တွေးတောကြံဆစေခြင်း ဖြစ်သည်။

ခေါင်းစဉ်အမျိုးမျိုးရလျှင် စကားရည်လုပွဲမျိုးထက်မကလုပ်နိုင်ပြီးလေ့ကျင့်ခန်းတွင် လူတိုင်းပါဝင်စေနိုင် သည်။ ဤလုပ်ငန်းစုများ စမ်းသပ်စဉ်ကာလက သုံးစွဲခဲ့သည့် ခေါင်းစဉ်မှာ "ကလေးများသည် ကျောင်းတွင် သာ ရှိရမည်။ အလုပ်နေရာတွင် မရှိရ" ဟူ၍ ဖြစ်သည်။ ကလေးများ အလုပ်မလုပ်စေရဆိုသည့်အပေါ် စိတ်လှုပ်ရှားခံစားမှုများဖြင့် ငြင်းဆိုမှုပြုခြင်းအပေါ်အခြေခံသွားနိုင် သည့် မေးခွန်းမျိုး မဟုတ်ကြောင်းကို ယင်းခေါင်းစဉ်အား ဆန့်ကျင်ကြောင်း ငြင်းဆိုခဲ့သည့်အစုအဖွဲ့က စကားရည်လုပွဲတွင် အနိုင်ရရှိခြင်းက သက်သေထူခဲ့သည်။ ကလေးများကို အလုပ်နေရာများမှ ရိုးရိုးလေးဖယ်ထုတ်လိုက်ပြီး မရှိနွမ်းပါးမှု ဆိုင်ရာ ဆွေးနွေး အဖြေရှာရမည့်ကိစ္စများကို မဖြေရှင်းခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ပညာရေးကို လက်လှမ်းမမီခြင်း တို့သည် အလုပ်လုပ်နေသော ကလေးများနှင့် ၎င်းတို့မိသားစုများ ပို၍ ဆိုးသောအခြေအနေသို့ တွန်းပို့ရာ ရောက်နိုင်သည်။ အသက်ပင် ဆုံးရှုံးနိုင်သည်ဆိုသည်ကို ပရိသတ်နှင့်အကဲဖြတ်ဒိုင်များအား အစုအဖွဲ့က ထောက်ပြနိုင်ခဲ့ သည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

စကားရည်လုခြင်းလုပ်ငန်းစုသည် အချိန်ယူနိုင်ပါသည်။ ပြိုင်ပွဲအဖြစ်ပြုလုပ်ခဲ့လျှင် ပို၍ အချိန်ကြာနိုင်သည်။ ထို့ကြောင့် သင်ကြားချိန်ကို သေချာစွာ စီစဉ်ရမည် ဖြစ်သည်။ သို့မှသာ အခြားသူများကသုတေသနပြုခြင်းနှင့် စကားရည်လုပွဲအတွက် ပြင်ဆင်ချိန်တွင် ဘာမှမလုပ်ဘဲ ကျန်နေသူ ရှိမည်မဟုတ်ပါ။ သင့်နေဖြင့် ခေါင်းစဉ်တစ်ခုကို အုပ်စုကို ရွေးပေးပြီး လုံလောက်သောအစုအဖွဲ့ကိုဖွဲ့ပေး လျှင် လူတိုင်းပါဝင်နိုင်မည် ဖြစ်သည်။ ဥပမာ - ထောက်ခံသည့် အဖွဲ့ ၃ ဖွဲ့နှင့် မထောက်ခံသည့်အဖွဲ့ ၃ ဖွဲ့ ခွဲနိုင်သည်။ ထို အစုအဖွဲ့ တစ်ခုချင်းစီသည် သုတေသနပြုလုပ်ပြီး ရေးစေရမည်။ ထိုအခါ အားလုံး အလုပ်ရသွားကြမည် ဖြစ်သည်။ ထပ်နေသော အကြောင်းအရာများ ရှိနိုင်သည်။ သို့သော် တစ်ဦးချင်း ၎င်းတို့ ပုံစံဖြင့် ရေး၍ ဆောင်ရွက်ကြမည် ဖြစ်သည်။

လေ့ကျင့်ခန်းအတွက် ခေါင်းစဉ်ကို အုပ်စုဖြင့် ရွေးပြီးသည့်အခါ စကားရည်လုမည့်အစုအဖွဲ့ကို ရွေးရမည် ဖြစ်သည်။ အကယ်၍ စကားရည်လုသည့်လေ့ကျင့်ခန်းတွင် ကောင်းစွာ ဆောင်ရွက်နိုင်သူများကို သင်သိ လားလျှင် ၎င်းတို့ကို တဖွဲ့တည်းတွင် မထားရပါ။ ပို၍ခက်ခဲမှုနှင့် ကြုံတွေ့နေရသော အဖွဲ့သို့ ပြောင်းပေးရ မည်။ ယင်းသည် စကားရည်လုရာတွင် ဘက်ညီမှု ဖြစ်စေသည်။ အကဲဖြတ်ဒိုင်များအတွက် ပိုခက်ခဲသွားစေ ပြီး ပရိသတ်အတွက် ဆွေးနွေးချက်သည် ပို၍ စိတ်ဝင်စားမှု ရှိစေသည်။

ထိုအခါ အချို့အဖွဲ့သည် အလုပ်လုပ်ပြီး အချို့က မလုပ်ဆိုသည့် အခြေအနေ မဖြစ်တော့ပါ။ ခေါင်းစဉ်များ ကို ပိုရွေးပြီး အခြားစကားရည်လုမည့် အစုအဖွဲ့များကိုမရွေးဘဲနေမည်နည်း။ စကားရည်လုပွဲ မတိုင်မီ အကဲဒိုင်အဖွဲ့ကို ရွေးနိုင်ပါသည်။ ဤအပိုင်းတွင် ကြိုတင်ပြင်ဆင်မှု မပါဝင်သေးပါ။ သေချာစွာ နားထောင်ရန်နှင့် စကားရည်လုသည့် အချက်များ၏ အရည်အသွေးပေါ်တွင်သာ အခြေခံပြီး နိုင်သူကို ဆုံးဖြတ်ရခြင်းသာရှိသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ စဉ်းစားမှုအပေါ် အခြေမခံပါ။ ယင်းသည် အုပ်စုကြီး တစ်ခုလုံးမှအဖွဲ့ဝင်အားလုံး အလုပ်ရှိသည်ဆိုသည့်သဘော ဖြစ်သည်။ ယင်းသည် သင့်အုပ်စုအရွယ်ပေါ်မူတည်ဦးမည်သာဖြစ်သည်။ ပစ္စည်းများ အရင်းအမြစ်များရရှိနိုင်မှုပေါ် လည်း မူတည်သည်။

## စကားရည်လုပွဲအတွက် ပြင်ဆင်ခြင်း

စကားရည်လုမည့်အစုအဖွဲ့များသည် ၎င်းတို့အချင်းချင်းစုပြီး ဗျူဟာကို ဆွေးနွေးကြမည်။ အခြားအဖွဲ့အား တုန့်ပြန်မည့်ကိုယ်စားလှယ်ကို ရွေးကြမည် ဖြစ်သည်။ စတင်သုတေသနပြုကြပြီး ပြောမည့်အကြောင်းများ ရေးကြမည်။ ဤအချိန်တွင် ပျော်စရာ စတင်ကောင်းလာပါသည်။ ၎င်းတို့လုပ်နေသည့်အထဲတွင် ပျော်စရာ အချက်များကို သိရှိစေရန်မှာ အရေးကြီးပါသည်။ သင့်အနေဖြင့် ပြလိုလျှင် နောက်ဆက်တွဲ ၁ ကို ပြနိုင်ပါ သည်။ ၎င်းတို့၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်စေရန် ဖြစ်သည်။ သင့်အနေဖြင့် စကားရည်လုပွဲတစ်ခု၏ စည်းမျဉ်းများကို မည်မျှ လိုက်နာလိုသလဲ သို့မဟုတ် လုပ်ငန်းစု ဆောင်ရွက် အကောင်အထည်ဖေါ် ရုံသက်သက်အတွက် မည်မျှထိ အလျော့ပေးမည်ဆိုသည်တို့ပေါ် အများအပြား မူတည်မည် ဖြစ်သည်။

ဤအဆင့်တွင် သင်နှင့် ပြင်ပအရင်းအနီးအဖြစ် ပုဂ္ဂိုလ်(များ) ပါဝင်ခဲ့လျှင် သင်တို့အတွက် အရေးပါသော အခန်းကဏ္ဍ ပါဝင်လာပါသည်။ ယင်းအစုအဖွဲ့များသည် ဗျူဟာများ  ချမှတ်ရာတွင် အထောက်အကူ လိုကြမည် ဖြစ်သည်။ ဆန့်ကျင်ဖက်အဖွဲ့ကို မည်သို့ တုန့်ပြန်ရမည်ကို သိရှိနားလည်ရန် လိုမည် ဖြစ်သည်။ အကြောင်းအရာများ သုတေသနပြုခြင်းနှင့် ရေးသားခြင်းနှင့် ပြောဆိုခြင်းတို့အတွက်လည်း လိုမည် ဖြစ်သည်။ အဖွဲ့ တစ်ခုချင်းစီဖြင့် ဆိတ်ငြိမ်သောနေရာတွင် တွေ့ဆုံရန် လိုမည် ဖြစ်သည်။ အပြင်ဘက်သို့ ရာသီဥတုကောင်း လျှင် ထွက်နိုင်ပါသည်။ စာကြည့်တိုက်၊ အခြားစာသင်ကျောင်း သို့မဟုတ် စည်းဝေးခန်းမ သို့မဟုတ် လက်ရှိ အသုံးပြုနေသောအခန်းတွင် နေရာခွဲ၍ လုပ်ကိုင်စေနိုင်ပါသည်။

အောက်ဖေါ်ပြပါ အကြံပြုချက်များသည် အသုံးဝင်မည် ဖြစ်သည်။ ၎င်းတို့အနေဖြင့် ပုံစံတကျ စကားရည်လု ပွဲ စည်းမျဉ်းကို အပြည့်အဝ လိုက်နာစရာ မလိုပါ။ ပြဿနာ မရှိပါ။ အသုံးပြု၍ရသည့်အပိုင်းအတိုင်းသာ လိုက်လုပ်ပါ။

- **ဗျူဟာချခြင်း** (မည်သို့ဆောင်ရွက်မည်)။ အဖွဲ့များအနေဖြင့် သုတေသနပြုခြင်း၊ ရေးသားခြင်း၊ ပြောဆိုပုံတို့ကို မည်သို့လုပ်ဆောင်ရမည်ဆိုသည့်အကြံဉာဏ်များ လိုပါမည်။ ပြောကြား မည့်တစ်ဦးချင်းစီသည် မိမိအစုအဖွဲ့အနေဖြင့် ဘာပြောမည်ဆိုသည်ကို သိရှိရန် အရေးကြီးသည်။ ထပ်ပြန်ပြော ခြင်းနှင့် ပုံတူပြောဆိုခြင်းသည် မကောင်းပါ။ ပရိသတ်အား ငြီးငွေ့စေပြီး ဒိုင်များအား  စိတ်ပျက်စေပါသည်။ အစုအဖွဲ့အားခေါင်းစဉ်ကို သေချာစွာ လေ့လာပြီး ၎င်းကို အချက်အလက် များကြိုးစား ခွဲထုတ်စေရမည်။ ထောက်ခံခြင်း သို့မဟုတ် မထောက်ခံခြင်းအတွက် အထောက်အကူ ဖြစ်ရန် ဖြစ်သည်။ အစုအဖွဲ့တစ်ခုချင်း၏ အဖွဲ့ဝင်များအား ယင်းအချက်တစ်ခု သို့မဟုတ် အချို့တို့ကို ၎င်းတို့သုတေသနပြုမှုနှင့် အကြမ်းရေးသားခြင်းတွင် အဓိက

ထားစေရမည်။ သို့မှသာ ၎င်းတို့ တစ်ယောက်ပြီးတစ်ယောက်ပြောရင်း ၎င်းတို့ရပ်တည်ချက် အတွက် အထောက်အပံ့ ဖြစ်ဖြစ်မည့် အခြေအနေတစ်ရပ်တည်ကို ဆောက်နိုင်မည်ဖြစ်သည်။ စကားပြော အကောင်း ဆုံး ပုဂ္ဂိုလ်ကို နောက်ဆုံးမှ ပြောစေရ မည်။ ယင်းပုဂ္ဂိုလ်သည် အဖွဲ့၏ဖြစ်ရပ်ကို အဆုံးသတ်ပေးပြီး ပို၍ သက်ရောက်မှု ရှိစေမည် ဖြစ်သည်။

- **တုန့်ပြန်မှု။** အခြားဆန့်ကျင်သောအဖွဲ့က ပြောလာသောအခြေအနေကို တုန့်ပြန်ရန် အစုအဖွဲ့ဝင် များအနေဖြင့် အခွင့်အရေး ရရှိမည် ဖြစ်သည်။ အခြားဆန့်ကျင်အဖွဲ့က ပြောလာမည့် အဓိက ငြင်းဆိုချက်များမှာ ဘာဖြစ်မည် ဆိုသည်ကို အစုအဖွဲ့အနေဖြင့် သေချာစွာ စဉ်းစားထားရမည် ဖြစ်သည်။ အဖွဲ့ဝင်များအတွက် တုန့်ပြန်ရမည့် အကြောင်းအရာကျောရိုးများကို ပြင်ဆင်ပြီး ဖြစ်ရမည်ဖြစ်သည်။ ထိုအကြောင်းအရာကျောရိုးတွင်သုတေသနပြုခြင်းနှင့် အကြမ်းပြုစု သည့်အခါ ဖြည့်စွက်သွားနိုင်သည်။

- **သုတေသနပြုခြင်းနှင့် အကြမ်းပြုစုခြင်း။** မည်သူက မည်သည့်အချက်ကို ပြောမည်ဆိုသည်ကို ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ နောက်အဆင့်မှာ အဖွဲ့ဝင်တစ်ဦးချင်းစီသည် ၎င်းတို့ ငြင်းဆိုမည့် အချက် များကို သုတေသနပြုခြင်းနှင့် ၎င်းတို့ပြောမည့်အကြောင်းအရာများကို ရေးသားခြင်း ဖြစ်သည်။ စကားရည်လုရာ၌ ပြောဆိုရာတွင် ၃ မိနစ်မှ ၅ မိနစ်သာ ကြာသင့်သည်။ ထိုထက်မပိုရပါ။ လူရွယ်များအား ဤမျှအချိန်အတွက် ပြောရမည်များကို ပြင်ဆင်ရန် ပြောခြင်းသည် ခက်ခဲမှု တစ်ခု ပင်ဖြစ်သည်။ ပရိသတ်အရှေ့တွင် ၅ မိနစ်ရပ်ပြောရသည်မှာ အလွန်ရှည်ကြာသော အချိန် ဖြစ်ပါ သည်။ အစုအဖွဲ့များအား "လိုရင်းတိုရှင်း" ပြောရမည်ဆိုသည့်မှုကို သတိထားရန် အလေးပေး ပြောကြားပါ။



- **ပြောကြားပုံ။** ဤလေ့ကျင့်ခန်းတွင် လူရွယ်များအနေဖြင့် အကူအညီ လိုမည် ဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် သင့်အုပ်စုထဲမှ မည်သူသည် သဘာဝကျစွာ ပြောဆိုနိုင်သည်ကို တွေ့လာမည် ဖြစ်သည်။ ပြောကြားပုံသည် ဟောပြောရခြင်းကဲ့သို့ပင် အရေးကြီး ပါသည်။ အဖွဲ့ ဝင်များအား စကားပြောခြင်းနှင့် ဟန်ပန်အနေအထားတို့ကို ကြီးကြပ်ပေးရန် လိုပါမည်။ ဤအချိန် တွင် ၎င်းတို့ဟောပြောမည့်အကြောင်းအရာကို ပထမအကြမ်း ရေးသားရန် ထို့နောက် ပိုကောင်း အောင် ပြုလုပ်ပြီး ဟောပြောမည့်သူအတွက် မှတ်စုကဒ်ပြားများ ရေးပုံကို သင်ကြား ပေးရန် အခွင့် ကောင်းဖြစ်ပါသည်။ (လမ်းစဖေါ်ကဒ်များ - နောက်ဆက်တွဲ ၁ တွင်ကြည့်) ၎င်းတို့အနေဖြင့် ပရိသတ်ရှေ့ရပ်ပြီး စာမျက်နှာ နှစ်မျက်နှာ သုံးမျက်နှာကို

အသက်မရှူဘဲ ဖတ်ပြခြင်းကို ရှောင်ကျဉ် ရမည် ဖြစ်သည်။ လူထုရှေ့ဟောပြောခြင်းအခြေခံနည်းထူးများတွင် အောက်ပါတို့ ပါဝင်သည်။ ပုဂ္ဂိုလ်ချင်း ဆက်နွယ်မှုရှိစေရန် ပရိသတ်မျက်လုံးဖြင့် စုံရန် ကြိုးစားရသည်။ ဖြည်းဖြည်းချင်းနှင့် ရှင်းလင်းစွာ ပြောရသည်။ အရေးကြီးသည့်အချက်များကြားတွင် ခေတ္တရပ်နားရသည်။ အသက်ကို ခေတ္တရပ်ချိန်တွင်ရှူရသည်အစရှိသည်တို့ဖြစ်သည်။ ပြောဆိုပုံကို အချင်းချင်းရှေ့တွင် လေ့ကျင့်ရန် အစုအဖွဲ့ဝင်များအား တိုက်တွန်းပါ။ ထိုအခါ အချင်းချင်းပိုကောင်းရန် ကူညီပေးနိုင်သည်။ တစ်ဦးချင်းလေ့ကျင့်လျှင် မှန်ရှေ့တွင် လေ့ကျင့်ရမည်။ အချင်းချင်း ပြောကြားချက် အချိန် မှတ်ပေးရမည်။ ကန့်သတ်အချိန် အတွင်း ပြောနိုင်ရန် ဖြစ်သည်။

ဤနည်းဖြင့်အတူတကွ လုပ်ဆောင်ခြင်းသည် အစုအဖွဲ့အတွက် လူမှုရေးနှင့်အထောက်အကူ ဖြစ်စေသည့် ကောင်းသောလေ့ကျင့်ခန်း ဖြစ်သည်။ အုပ်စုဝင်များကြား ပိုမိုရင်းနှီးလာစေပြီး ၎င်းတို့အားလုံး ပန်းတိုင် တစ်ခုသို့ ဦးတည်၍ အတူတကွ လုပ်ဆောင်နေသည်ကို သိရှိသွားစေသည်။

## စကားရည်လုခြင်း



အုပ်စုတစ်ခုလုံးဖြင့် စကားရည်လုမည့်နေရာကို ပြင်ဆင်ပါ။ ယင်းသည် အုပ်စုဖြင့် သင်အမြဲလုပ်ကိုင်ဆောင် ရွက်နေကျအခန်း ဖြစ်နိုင်သည်။ ရာသီဥတုပေါ် အခြေခံပြီး အပြင်တွင် လုပ်ရန်လည်း သင်ဆုံးဖြတ်နိုင်သည်။ အကယ်၍ အဆင်ပြေလျှင် ခန်းမကျယ်ကြီးကို အသုံးပြုခွင့်ရမည် ဖြစ်သည်။ ပရိသတ်အတွက် ထိုင်ခုံများ စီချထားနိုင်သည်။ အကဲဖြတ်ဒိုင်များအတွက် စားပွဲခုံတစ်လုံး ရနိုင်သည်။ အခမ်းအနား ဥက္ကဋ္ဌအတွက် ထိပ်ဆုံးစားပွဲနှင့် စကားရည်လုမည့်သူများအတွက် စားပွဲရနိုင်သည်။ သင့်အနေဖြင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ သင့်အနေဖြင့် အဖွဲ့ဝင်တစ်ဦးချင်းစီကို သိပြီး ၎င်းတို့ဘာပြောမည့် အကြောင်းအရာများကို သိပြီး ဖြစ်၍ ဖြစ်သည်။ မည်သို့ဆိုစေ ရပ်ရွာပညာပေးလုပ်ငန်းစဉ် အစိတ်အပိုင်း တစ်ခုအနေဖြင့် သင်နှင့်အုပ်စုအနေဖြင့် အခြားတစ်ယောက်ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးရန် ဖိတ်ကြား ရန်ဆုံးဖြတ်နိုင်ပါသည်။ ဥပမာ စာသင်ကျောင်းတွင် ဖြစ်နေလျှင် ကျောင်းအုပ်ကြီးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးရန် ပြောလျှင်သဘောတူနိုင်ပါသည်။ အကယ်၍ အခြားပရိသတ်အား ဖိတ်ကြားခဲ့ခြင်း ရှိခဲ့လျှင် ဒေသတွင်းရှိ နိုင်ငံရေးသမား တစ်ဦး၊ ကျောင်းကောင်စီဥက္ကဋ္ဌ၊ ထင်ရှားသည့် အစိုးရမဟုတ်သော အဖွဲ့ သို့မဟုတ် ကုန်သွယ်သမဂ္ဂအရာရှိ၊ ရပ်ရွာခေါင်းဆောင်တစ်ဦး သို့မဟုတ် မိဘတစ်ဦးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ပြောကြားနိုင်ပါသည်။ ယင်းသည် ရပ်ရွာအား သင်ကြားရေးအစီအစဉ်တွင် ပါဝင်လာရန် တက်ကြွစွာ ဆောင်ရွက်နိုင်သည့်နည်းလမ်းတစ်ခု ဖြစ်သည်။ ဥက္ကဋ္ဌအဖြစ် အထူးဆောင်ရွက်ရန် ဖိတ်ကြား ခြင်းရှိခဲ့လျှင် ဒေသတွင်း လူထုဆက်သွယ်ရေးကို ဖိတ်ကြားရန်နှင့် စကားရည်လုပွဲသတင်း ပေးပို့ရန် စဉ်းစားပါ။

ပရိသတ်များနေရာယူပြီး အကဲဖြတ်ဒိုင်နှင့်စကားရည်လုမည့်အစုအဖွဲ့များ ၎င်းတို့နေရာတွင် ရှိကာ စတင်ရန် အဆင်သင့်ဖြစ်လျှင်ဥက္ကဋ္ဌသည်အခမ်းအနားအတွက် အဆင်သင့်ဖြစ်အောင်ပြင်ဆင်ပြီး စကားရည်လုမည့် ခေါင်းစဉ်ကို အသိပေးရသည်။ သင်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း မဟုတ်လျှင် ဆောင်ရွက် မည့်သူအတွက် အကျဉ်းချုံးမှတ်စုကိုရေးသားပေးထားရမည်။ ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦးချင်းကို မိတ်ဆက် ပေးမည် ဖြစ်သည်။ ၎င်းတို့အား ဖိတ်ခေါ်၍ စကားရည်လုပွဲ စတင်ရန် ခွင့်ပေးရမည်။ အချို့ဓလေ့ ထုံးစံများတွင် တင်ပြမှုတစ်ခု၏ အဓိကအချက်များကိုနောက်တစ်ယောက် မပြောမီပြန်၍အတိုချုပ် ပြောပြပါ သည်။ ဥက္ကဋ္ဌအနေဖြင့် တစ်ဖွဲ့ချင်းစီမှ အလှည့်ကျ ပြောကြားစေရပါမည်။ တစ်ဦးက ခေါင်းစဉ်ကို ထောက်ခံကြောင်း ပြောဆိုပြီး နောက်တစ်ဦးက မထောက်ခံကြောင်း ပြောစေရပါမည်။

ဒေသတွင်း စကားရည်လုခြင်းဆိုသည့် စည်းမျဉ်းများတွင် ငြင်းဆိုချက်များကို အချက်အလက်ဖြင့် မဟုတ် ကြောင်း တုန့်ပြန်ရမည်ဟု ဖော်ပြကြပါသည်။ ဥပမာ - အခြားအစုအဖွဲ့မှတစ်ဦး၏ ငြင်းဆိုပြောကြားချက်ကို အခြားအစုအဖွဲ့မှ တစ်ဦးက မဟုတ်ကြောင်း အချက်အလက်ဖြင့် ချေပပြောဆိုခြင်း ဖြစ်သည်။ မည်သို့ဆိုစေ နောက် ဆောင်ရွက်သည့် အစဉ်အလာတစ်ခုမှာ (ယင်းသည် ပိုငယ်သူများအတွက် ပိုလွယ်သည်) ဥက္ကဋ္ဌသည် အားလုံး ပြောပြီးသည်အထိ စောင့်သည်။ ထို့နောက် တစ်ဖွဲ့စီမှ ကိုယ်စားလှယ်တစ်ဦးစီကို ဖိတ်ခေါ်ပြီး အခြားအဖွဲ့မှ ပြောကြားချက်ကို တုန့်ပြန်စေသည်။ (ယင်းကိုယ်စားလှယ်ကို အဖွဲ့များက ကြိုတင်ရွေးချယ်ထားသည်။)

ထို့နောက် ဥက္ကဋ္ဌသည် ငြင်းဆိုချက်များကို အတိုချုပ် ပြန်ပြောသည်။ ပရိသတ်နှင့်အကဲဖြတ်ဒိုင်များ အကျိုး ရှိရန် ဖြစ်သည်။ ထို့နောက် သင်နှင့်သင့်အဖွဲ့သဘောတူညီမှုပေါ် မူတည်၍ ဥက္ကဋ္ဌက ပရိသတ်ထံမှ မေးခွန်း မေးခွင့် သို့မဟုတ် မှတ်ချက်ပေးရန် ခွင့်ပြုသည်။ မေးနိုင်သည့် မေးခွန်းအရေအတွက်နှင့် ပရိသတ်ဖြင့် တုန့်လှယ်ပြောကြားချိန်သည် လုပ်ငန်းတစ်ခုလုံးအတွက် ခွင့်ပြုထားသည့်အချိန်ပေါ် မူတည်သည်။ ယင်းအတွက် အချိန်သိပ်မယူပါနှင့်။ လူရွယ်များအနေဖြင့် အာရုံစူးစိုက်နိုင်သော အချိန်မှာ တိုတောင်း၍ ဖြစ်သည်။ အဖွဲ့ဝင်များအနေဖြင့်ခက်ခဲမှုများ ကျော်လွှားခဲ့ပြီးခြေကုန်လက်ပမ်းကျနေ၍ ဖြစ်သည်။ စကားရည်လုသည့် အစုအဖွဲ့များကို စောင့်ကြည့်နေပြီး ၎င်းတို့ မောပန်းနွမ်းနယ်မှုကို ဆန်းစစ်နေပါ။ လိုအပ်လျှင် ရပ်နားရန် တောင်းဆိုပါ။

ဤအချိန်အတွင်း အကဲဖြတ်ဒိုင်များအနေဖြင့် အဖွဲ့များ၏ ဆောင်ရွက်ပုံကို ၎င်းတို့အချင်းချင်း ဆွေးနွေးစေ ရမည် ဖြစ်သည်။ ပြောဆိုမှုများ ပြီးဆုံးသွားသည့်အခါ အချင်းချင်း ခေါင်းချင်းဆိုင်၍လည်းကောင်း၊ နောက်ဆက်တွဲ ၁ တွင်ပေးထားသည့် အမှတ်ပေးစည်းမျဉ်းများကို လိုက်နာပြီး အမှတ်ပေး၍လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ အမှတ်ပေးရာတွင် ပြောဆိုသူတစ်ဦးချင်းစီ၏

"အကြောင်းအရာ" "နည်းလမ်း" နှင့် "ဟန်ပန်စရိုက်" တို့ကို ၁၀၀ အမှတ်ပေါ် အခြေခံ ပေးနိုင်သည်။

နောက်ဆုံးတွင် ဥက္ကဌက အကဲဖြတ်ဒိုင်များထဲမှ ပြောဆိုခွင့်ရသူအား စကားရည်လုခြင်းအပေါ် ၎င်းတို့အမြင် နှင့် ကောက်ချက်ကို ပြောရန် ဖိတ်ခေါ်ရမည်။ အနိုင်ရသည့်အဖွဲ့ကို ဆုံးဖြတ်ကြေငြာ စေရပါမည်။ အုပ်စု အတွင်း ပျော်ရွှင်စွာ ပေါင်းသင်းဆက်ဆံရေးပေါ် မူတည်၍ ဤလုပ်ငန်းစုတွင် ယှဉ်ပြိုင်မှုကို ထည့်သွင်း နိုင်ပါ သည်။ စကားရည်လုပွဲတစ်ခုတွင် အနိုင်ရသော အဖွဲ့ကို ဆုချီးမြှင့် နိုင်ပါသည်။ ပြိုင်ပွဲအဆင့်ဆင့်ရှိခဲ့လျှင် နောက်ဆုံးနိုင်သောအဖွဲ့ကို ဆုချီးမြှင့်နိုင်ပါသည်။ သင့်အနေဖြင့် ယှဉ်ပြိုင်မှုအပေါ် သက်ရောက်နိုင်သည့် အခြေအနေကို သိထားရပါမည်။ အကယ်၍ ဤလေ့ကျင့်ခန်း အောင်မြင်စေရန်အတွက် အခက်အခဲ ဖြစ်မည်ဆိုလျှင် မပြုလုပ်ပါနှင့်။ အကယ်၍ အုပ်စုအတွက် ပို၍ ပျော်ရွှင်တက်ကြွစေမည်ဆိုလျှင် ပြုလုပ်ပါ။ ယင်းသည် စကားရည်လုသော အစုအဖွဲ့များအား ၎င်းတို့ အလုပ် အရည်အသွေး ပိုကောင်းအောင် လုပ်ဆောင်စေနိုင်သော ကြောင့် ဖြစ်သည်။

ဖိတ်ကြားထားသူများသည် မည်သူတို့ ဖြစ်သည်ဆိုသည့်ပေါ် အခြေခံပြီး အကယ်၍ အရင်းအမြစ်များ ရှိခဲ့လျှင် စကားရည်လုပွဲ ပြီးဆုံးလျှင် ကျွေးမွေးဧည့်ခံမှုကို စီစဉ်နိုင်ပါသည်။ ဧည့်သည်များတွင် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ မိဘများ၊ ဆရာဆရာမများနှင့် အခြားသူများ ပါဝင်နိုင်ပါသည်။ အသိတရား တိုးပွား ရေး ရေရှည်ဆောင်ရွက်သည့် လေ့ကျင့်ခန်း၏ အစိတ်အပိုင်းအဖြစ် စကားရည်လုခြင်း လေ့ကျင့်ခန်းကို လုပ်ခဲ့ သည်ဆိုလျှင် ဤသို့ဧည့်ခံခြင်းသည် အကျိုးရှိနိုင်ပါသည်။ အုပ်စုများ အချင်းချင်းဖြင့်လည်းကောင်း၊ သင်ဖြင့်လည်းကောင်း၊ ဧည့်ပရိသတ်များဖြင့်လည်းကောင်း တုံ့လှယ်မှုပြုရန် သင့်အနေဖြင့် တိုက်တွန်းနိုင်ပါသည်။ သင့်အုပ်စုနှင့် ၎င်းတို့၏ သက်ရှယ်တူများဖြင့် ရပ်ရွာများမှ အဓိက ပုဂ္ဂိုလ်များဖြင့် တုံ့လှယ်မှု ရှိရန် သင့်အနေဖြင့် ပံ့ပိုးကူညီရန် အရေးကြီးပါသည်။ ဤသည်မှာ ရပ်ရွာ ပညာပေးရေး ပူးပေါင်းမှုအပိုင်း ဖြစ်နေ သောကြောင့် ဖြစ်သည်။ လူမှုအဖွဲ့အစည်း ပြောင်းလဲရေးအတွက် ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက် လာနိုင်ရေးအတွက် သင်တာဝန်ယူရသော လူရွယ်များကို ကူညီ၍လည်း ဖြစ်သည်။

လူထုဆက်သွယ်ရေး သို့မဟုတ် ဒေသတွင်းမှ နိုင်ငံရေးသမားများ သို့မဟုတ် ကျောင်းများနှင့် ပညာရေးဌာန မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့လျှင် ဧည့်ခံကျွေးမွေးခြင်းသည် ကောင်းမွန်သော အစီအစဉ် ဖြစ်ပါသည်။ အုပ်စုတွင် စကားရည်လုခြင်းဖြင့် အရေးကြီးသော သတင်းအချက်အလက်များ အသိပေးပြောရန် ရှိပါသည်။ ဤရည်ရွယ်ချက် ပေါက်မြောက်စေသည့် မည်သည့်နည်းမဆို သုံးစွဲ သင့်ပါသည်။ သတင်းထောက်များသည် စာရေးသား၍ဖြစ်စေ ရေဒီယို ရုပ်သံလွှင့်တွင် ဖြစ်စေ ၎င်းတို့၏ ဆောင်းပါးများအတွက် အမြဲကိုးကားစရာ လိုပါသည်။ ယင်းအချက်ကို စကားရည်လုသောအဖွဲ့ဖြင့် ရောနှောစေခြင်းဖြင့် ရရှိနိုင်ပါသည်။

# လုပ်ငန်း ၃။
# စကားရည်လု ပြိုင်ပွဲ။

ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည်။ ပါဝင်သူဦးရေပေါ် မူတည်၍ အချိန်လိုအပ်မည်။



ပို၍ပြည့်စုံသည့်ပြိုင်ပွဲတစ်ရပ် ပြုလုပ်နိုင်ပါသည်။ ယင်းအတွက် စကားရည်လုပွဲ အသင်းကြီးဆိုသည့် ပုံစံမျိုး ကို တည်ထောင်ရမည်။ အကယ်၍ ရှိပြီး ဖြစ်လျှင် ကလေးအလုပ်သမားခေါင်းစဉ်ဖြင့် စကားရည်လုပွဲ ပွဲစဉ် များ စတင်ရန် အကြံပြုပါသည်။ ယင်းသည် ကြီးကျယ်သော ဆောင်ရွက်မှုတစ်ခု ဖြစ်သော်လည်း လုပ်ငန်းစု ကို စိတ်ဝင်စားမှု ရှိစေပါသည်။ သင်ဆောင်ရွက်သည့်အခြေအနေ ဆိုလိုသည်မှာ စာသင်ကျောင်း သို့မဟုတ် ကျောင်းပြင်ပ ပညာရေး အခြေအနေပေါ် မူတည်၍ သင်ဆောင်ရွက်နေသော ကျောင်းမှ အခြား ပုဂ္ဂိုလ်များအတွက် ပြိုင်ပွဲ ပြုလုပ်ပေးရန် စဉ်းစားနိုင်သည်။ ဤလုပ်ဆောင်ချက်သည် ရပ်ရွာပူးပေါင်းမှုကို အရှိန် တက်စေသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များအပေါ် အသိအမြင် မြင့်မားလာစေသည်။

စကားရည်လုပွဲပြိုင်ပွဲအတွက် သင့်အနေဖြင့် သေချာစွာ စီစဉ်ဆောင်ရွက်ရန် လိုသည်။ အကဲဖြတ် ဒိုင်များ ရွေးခြင်း၊ စူးစမ်းရှာဖွေရာတွင် ဝင်ရောက်ကူညီနိုင်မည့် အခြား ပုဂ္ဂိုလ်များ စာရင်းပြုစုခြင်း၊ စကားရည်လုရန်အတွက် အနီးကပ်ကြီးကြပ်ခြင်းနှင့် ပြုလုပ်ခြင်း၊ ဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ ပရိသတ်များအတွက် စီစဉ်ခြင်း၊ စကားရည်လုရန်အတွက် ခေါင်းစဉ်များ ဖေါ်ထုတ်ခြင်းတို့ဖြစ်သည်။ ပြိုင်ပွဲအတွက် စကားရည်လုပွဲပြိုင်မည့် အစုအဖွဲ့များသည် တစ်ဖွဲ့ပြီး တစ်ဖွဲ့ကို အနိုင်ယူပြီး နောက်ဆုံးတွင် ယှဉ်ပြိုင်ရန် နှစ်ဖွဲ့သာ ကျန်ရှိတော့မည် ဖြစ်သည်။ ဤပြိုင်ပွဲမျိုးကို နိုင်ငံအများအပြားနှင့် အခြေအနေအမျိုးမျိုးတွင် ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် နိုင်ငံ တော်က အသိအမှတ်ပြုခြင်းခံကြရသည်။ မည်သို့ဆိုစေ ဤအဆင့်တွင် ပါဝင်သူများပြားလာရန်နှင့် အသိတရား ပိုတိုးပွားလာစေရန်သာ လိုသည်။

ဤအလုပ်ကို လုပ်ဆောင်ရန် သင့်အနေဖြင့် ကောင်းမွန်စွာ ဆောင်ရွက်နိုင်စွမ်း ရှိရန်လိုပါမည်။ ပြိုင်ပွဲသည် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှု ရှိရန် အရေးကြီးပါသည်။ နောက်ဆုံး ဗိုလ်လုပွဲအတွက်လည်း သေချာစွာ စီစဉ်ရန် လိုသည်။ ယင်းမှာ အထူးဆောင်ရွက်သည့် ပွဲဖြစ်၍ အများသိရန် သင့်အနေဖြင့် လူထု ဆက်သွယ်ရေးနှင့် ရပ်ရွာအကြီးအကဲများကို ပါဝင်စေနိုင်သည်။ ယင်းပွဲမျိုးကို အများအပြားလုပ်ပေးပါ။ အုပ်စုကို အားပေးရာ ရောက်နိုင်ပြီး နောက်ပိုင်းတွင် အခြားလုပ်ငန်းစုများ ဆောင်ရွက်အကောင်အထည်ဖေါ် ရန် ၎င်းတို့ ပါဝင်နိုင်လာစေသည်။

ဤပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရာတွင် သင့်အုပ်စုအား ပါဝင်နိုင်သမျှ ပါဝင်စေရပါမည်။ ထိုအခါ ၎င်းတို့အနေဖြင့် ပြိုင်ပွဲဝင်အစုအဖွဲ့၏အဖွဲ့ဝင်များ မဟုတ်သော်လည်း လုပ်ငန်းများတွင် ပါဝင်မှု ရှိနိုင်သည်ဟု ခံစားလာစေနိုင်မည် ဖြစ်သည်။ အခြားအဖွဲ့များ ပြိုင်ပွဲတွင် ပါဝင်လာပြီး သင့်အဖွဲ့တစ်ခုမှ ဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်း မရှိသည်မှာ စိတ်ဝင်စားဖွယ် ကောင်းမည် ဖြစ်ပါသည်။ ဤလုပ်ငန်းစုများကို စာသင် ကျောင်းများတွင် ပြုလုပ်ခြင်းသည် အခြား ကျောင်းသူကျောင်းသားများနှင့် စာသင်သော ဆရာဆရာမများ စိတ်ဝင်စားမှု ရှိစေရန်ပြုလုပ်ခြင်း ဖြစ်သည်ကိုမမေ့အပ်ပါ။ ယင်းသည် အလွန်ကောင်းသော တုန့်ပြန်မှုဖြစ်ပြီး သင့်အနေဖြင့် ယင်း အပေါ် အခွင့်ကောင်း ယူနိုင်သမျှ ယူရန် လိုပါသည်။ အနိုင်ရသူများအတွက်နှင့် စကာတင်ပြိုင်ပွဲများအတွက် စွဲမက်ဖွယ်ဆုများ ချီးမြှင့်ခြင်းသည် ပိုမိုပါဝင်မှု ရှိလာစေနိုင်သည်ကို စိတ်ထဲ စွဲထားပါ။ အုပ်စုအတွက် ဆောင်ရွက်ရန်တစ်ခုမှာ ဒေသတွင်း စီးပွားရေးသမားများထံမှ ဆုများ ရရှိရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ယင်းသည် ရပ်ရွာ အသိတရား မြှင့်တင်မှုကို ဖြစ်စေသည်။ ယင်းစီးပွားရေးသမား များထံ စီမံချက် အကြောင်းနှင့် ပြိုင်ပွဲအကြောင်း အသိပေး ပြောကြားရ၍ ဖြစ်သည်။

## လုပ်ငန်း ၄။
## စားပွဲဝိုင်း ဆွေးနွေးခြင်း



ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည်။
သင်ကြားချိန် ၁ ချိန်နှင့် သင်ကြားချိန် ၂ ချိန်ပေါင်း တစ်ချိန်။

စကားရည်လုပွဲတစ်ခုကို ဆောင်ရွက်နိုင်သည့်နောက်တစ်နည်းမှာ စားပွဲဝိုင်း ဆွေးနွေးခြင်း ဖြစ်သည်။ စကားရည်လုခြင်းလုပ်သော်လည်း ဤနည်းတွင် လူအုပ်စုတစ်စုအား ဖိတ်ခေါ်ပြီး စားပွဲဝိုင်းတွင် ထိုင်ဆွေး နွေးစေပြီး ဉာဏ်စမ်းမေးသော မေးခွန်းများနှင့် ရံဖန်ရံခါ ပရိသတ်မေးသော မေးခွန်းများကို ဖြေဆိုစေရသည်။ စားပွဲဝိုင်းဆွေးနွေးခြင်းကို ရေဒီယိုနှင့် ရုပ်သံလွှင့် အစီအစဉ်များတွင် ပို၍တွေ့ရသည်။ အထူးသဖြင့် လတ်တလော ဖြစ်ပျက်နေသည့် အစီအစဉ်များတွင် ဖြစ်သည်။ ၎င်းဆွေးနွေးပွဲများသည် အလွန်စိတ်ဝင် စားဖွယ်ကောင်းသည်။ ဤနည်းကို ရပ်ရွာအတွင်းမှ ဧည့်သည်တော်များကို ဖိတ်ကြားပြီး ထိုလုပ်ငန်းတွင် ပါဝင်စေနိုင်သည်။ ယင်းကို သင်နှင့် သင့်အုပ်စုက ဆောင်ရွက်နိုင်သည်။

ယင်းလုပ်ငန်းသည် ရပ်ရွာပူးပေါင်းမှုနှင့် လူထုဆက်သွယ်ရေး၏ စိတ်ဝင်စားမှု ရစေရန်အတွက် ဆောင်ရွက် ရာတွင် ကောင်းစွာ သုံးစွဲနိုင်သည်။ ဆွေးနွေးရမည့်အကြောင်းသည် သင်အရှေ့ပိုင်းတွင် သင့်အုပ်စု

တွေး တောကြံစသည့် အစီအစဉ်မှ ပေါ်ထွက်ခဲ့သော အကြောင်းများ ဖြစ်နိုင်သည်။ စားပွဲဝိုင်း ဆွေးနွေးရာတွင် ပါဝင်ရန် ရပ်ရွာအတွင်းမှ မည်သူကို ဖိတ်ကြားရမည်ကို သင်အနေဖြင့် သင့်အုပ်စုဖြင့် သီးသန့် ဆွေးနွေးရန် လိုသည်။ ဆွေးနွေးရမည့်ခေါင်းစဉ်ကို ရှုဒေါင့်အမျိုးမျိုးမှ စဉ်းစားနိုင်မည့် ပုဂ္ဂိုလ်များကို ဖိတ်ရန် အကြံပြု အပ်ပါသည်။ ၎င်းတို့သည စကားရည် လုရာတွင်ခေါင်းစဉကိုသဘာမတူနိုင်သူများဖြစ်နိုင်သည်။ ယင်းသည် ပရိသတ်အတွက် အလွန်စိတ်ဝင်စားမည့် လုပ်ငန်းဖြစ်စေသည်။ အချို့ ဆွေးနွေး အဖြေရှာရမည့် အချို့ကိစ္စရပ်များအပေါ် ရပ်ရွာအုပ်စုများအနေဖြင့် ရှုဒေါင့်မျိုးစုံမှ ကြည့်မြင်နိုင်သည် ဆိုသည်ကို အုပ်စုအနေဖြင့် သိရှိနားလည် သွားစေနိုင်သည်။

စားပွဲဝိုင်းဆွေးနွေးပွဲတွင်ပါဝင်ရန် ဖိတ်ကြားနိုင်သည့် အဓိက အဖွဲ့ သုံးဖွဲ့ ရပ်ရွာတွင်း ရှိပါသည်။ သုံးပွင့်ဆိုင် ဖြစ်သည်။ အိုင်အယ်လ်အို၊ အစိုးရနှင့် အလုပ်သမားနှင့် အလုပ်ရှင်များ ဖြစ်သည်။ လူမှုမိတ်ဖက်အဖွဲ့များ (အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများ) များသည် စိတ်ဝင်စားဖွယ်ကောင်းသည့် စားပွဲဝိုင်း ဆွေးနွေးသူ များ ဖြစ်နိုင်သည်။ သင့်အနေဖြင့် ဒေသတွင်းရှိ အလုပ်သမားသမဂ္ဂကို စကားရည်လုပွဲတွင် ပံ့ပိုး ကူညီရန် ဆက်သွယ်ပြီး ဖြစ်ကောင်းဖြစ်မည်။ အလုပ်ရှင်များနှင့် အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဗဟို သို့မဟုတ် ဒေသ ဆိုင်ရာအစိုးရကို အချို့ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းစုများတွင် ပါဝင်စေခဲ့ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် နောင်လုပ်မည့် လုပ်ငန်းများတွင် ကူညီပေးရန် စီစဉ်ကောင်း စီစဉ်နေမည် ဖြစ်သည်။ ဤလေ့ကျင့်ခန်းသည် ယင်းသို့ ဆက်သွယ်မှုကို အားဖြည့်ပေးပြီး၊ ရပ်ရွာပူးပေါင်းမှု အစီအစဉ် တိုးတက်လာ စေပါသည်။

ရှေ့တွင် ပြောပြသကဲ့သို့ စားပွဲဝိုင်း ဆွေးနွေးခြင်းများအတွက် ကြိုတင်ပြင်ဆင်ခြင်း ရှိရမည်။ အုပ်စုပြင်ပမှ ပုဂ္ဂိုလ်များ ပါဝင်၍ ပိုပြင်ဆင်ရန် လိုအပ်သည်။ ဆွေးနွေးရမည့် ခေါင်းစဉ်နှင့် ပတ်သက်သော ထိုပုဂ္ဂိုလ်များ အနေဖြင့် ကောင်းစွာကြိုတင်သိရှိထားလိုမည် ဖြစ်သည်။ စကားရည်လုသည့်အချိန်တွင် ဥက္ကဋ္ဌမှ မေးလာ နိုင်သည့် ဆွေးနွေး အဖြေရှာရမည့်ကိစ္စရပ်များ၏ သဘောသဘာဝကိုလည်း သိရှိလိုမည် ဖြစ်သည်။ ထို့ပြင် ပါဝင်ဆွေးနွေးသူအားလုံးအား မည်သူတို့ပါဂင်မည်ကိုလည်း အသိပေး ထားရမည်။

စားပွဲဝိုင်းဆွေးနွေးမည့်သူများတွင် အခြားသူများကိုလည်း ပါဝင်စေရမည်။ အုပ်စုတွင်းမှ သို့မဟုတ် စီမံချက် တွင် ပါဝင်သူများ ဖြစ်နိုင်သည်။ ကောင်းမွန်သော စားပွဲဝိုင်းဆွေးနွေးပွဲတွင် ထိရောက်မှု ရှိသည့် ဥက္ကဋ္ဌလည်း လိုပါသည်။ ထိုပုဂ္ဂိုလ်ကို ရွေးရန် သင်နှင့် သင့်အဖွဲ့အနေဖြင့် အချိန်ယူရမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဖိတ်ကြားထားသော ဧည့်သည်ထဲမှ တစ်ဦးဦး ဖြစ်နိုင်သည်။ ကျောင်းအုပ်၊ အနုပညာရှင်၊ ဆရာဆရာမ၊ မိဘမည်သူမဆို ဖြစ်နိုင်ပါသည်။ ထိုအတွက်အရေးမကြီးပါ။မည်သူဖြစ်နေပါစေ စကားရည်လု



မည့်ခေါင်းစဉ်နှင့် ပတ်သက်၍ သေချာစွာ ရှင်းပြရန်နှင့် ပံ့ပိုးမှုလိုမည် ဖြစ်သည်။ ဥက္ကဌ၏ တာဝန်မှာ ဆွေးနွေးပွဲ အရှိန်မပြတ် စေရေးပင် ဖြစ်သည်။ ဆွေးနွေးသူများ အဖွင့် မှတ်ချက်နှင့် အဆိုပြုချက် များ ပြောကြားပြီးလျှင် ဥက္ကဌအနေ ဖြင့် သဘောမတူသော အဆိုပြုချက် သို့မဟုတ် သတင်းအချက်အလက်များ ထင်ထင်ရှားရှား ပါနေလျှင် ယင်းတို့နှင့် ပတ်သက်၍ မေးခွန်းများ မေးရမည်။ ဆွေးနွေးသူများအနေဖြင့် အမြင်ချင်း တူကြမည် မဟုတ်ပါ။ ယင်းမတူရသည့် အကြောင်းများကို ဖေါ်ထုတ်ရမည် ဖြစ်သည်။ ဥက္ကဌအနေဖြင့် မေးခွန်းများကို ပြင်ဆင် ထားပြီး ဖြစ်ရမည်။ ဆွေးနွေးရမည့်ခေါင်းစဉ်နှင့် ပတ်သက်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များလည်း သိထားရမည်။ လိုအပ်လျှင် ဖြည့်စွက်ရန်နှင့် ပြောစကားပြတ် မသွားစေရန် ဖြစ်သည်။

ဥက္ကဌအနေဖြင့် ပရိသတ်မှ စားပွဲဝိုင်းဆွေးနွေးမှုအပေါ် မေးခွန်းများ မေးရန် ခွင့်ပြုနိုင်ပါသည်။ ယင်းသည် အလွန် စိတ်ဝင်စားဖွယ် ဖြစ်စေပါသည်။ အထူးသဖြင့် ပရိသတ်မှ သဘောမတူသောအချက် ပြောခဲ့ခြင်း ပါရှိခဲ့လျှင် ဖြစ်သည်။ ဤလေ့ကျင့်ခန်းသည် ရပ်ရွာအများအပြားကို စိတ်ဝင်စားစေပါသည်။ ထို့ကြောင့် ရပ်ရွာလူထုမှ တက်ရောက်ပြီး ဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ခေါ်နိုင်ရေး သင်နှင့် သင့်အုပ်စုအနေဖြင့် အများ ပြည်သူသိရန်နှင့် ကြေငြာရန် ပြင်ဆင်ထားရမည်။ ယင်းသည် အသိတရားတိုးမြှင့်ရေး လှုပ်ရှားမှုတွင် ပူးပေါင်း နိုင်သည့်အပိုင်း ဖြစ်သည်။ စီမံချက်များ ပေါင်းစည်းရေးအတွက် အုပ်စုက ဆောင်ရွက်သည့် ရံပုံငွေရှာဖွေရေးတွင် သုံးစွဲနိုင်သည်။ပါဝင်ဆွေးနွေးသူများအပေါ်အခြေခံ၍ ဒေသတွင်းလူထုဆက်သွယ်ရေး အနေဖြင့် ယင်းလုပ်ငန်းအကြောင်း ဖေါ်ပြလိုမည် ဖြစ်သည်။ ယင်းသည် ရပ်ရွာပူးပေါင်းမှု လုပ်ငန်းစဉ်ကို ပိုမို တိုးတက်စေမည် ဖြစ်သည်။

စားပွဲဝိုင်းဆွေးနွေးခြင်းတစ်ခု အောင်မြင်ရေးတွင် ဥက္ကဌသည် အဓိက အရေးပါသော ပုဂ္ဂိုလ် ဖြစ်သည်။ ဤကိစ္စအတွက် သင်နှင့်သင့်အုပ်စုအနေဖြင့် အစွမ်းကုန် ကြိုးပမ်းရန် လိုသည်။ ဒေသတွင်းမှ စီးပွားရေး လုပ်ငန်းရှင် သို့မဟုတ် ဆိုင်မန်နေဂျာတစ်ဦးဦး၊ အလုပ်သမားသမဂ္ဂခွဲ အတွင်းရေးမှူးနှင့် ဒေသတွင်း ကောင်စီဝင်တစ်ဦးဦးကို ကလေးအလုပ်သမားနှင့် ပတ်သက်သော စားပွဲဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ရန် ဆွဲဆောင်ပြောဆိုရာတွင် သိပ်ခက်ခဲမည် မဟုတ်ပါ။ သို့သော် စိတ်ဝင်စားမှု ရှိစေရန်နှင့် တက်တက်ကြွကြွ စကားရည်လုပွဲတစ်ခုဖြစ်ပြီး လူထုဆက်သွယ်ရေးနှင့် ပရိသတ်အတွက် စိတ်ဝင်စားမှု တစ်ခု ဖြစ်လာရန် ထိုလုပ်ငန်းအတွက် ဥက္ကဌကောင်း တစ်ဦး လိုပါသည်။ စကားဝိုင်းရပ်သွားလျှင် ဝင်ပြောရန်၊ မှတ်ချက်များကို ဆက်စပ်ပေးရန်၊ ဆွေးနွေးမည့်သူများနှင့် ပရိသတ်ကို နားလည်သိရှိပြီး

စကားဝိုင်းကို မည်သို့ ခန့်ခွဲရန် တို့ကို သိရမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဆွေးနွေးချက်များကို အကျဉ်းချုံးနိုင်ရမည်။ ပြောဆိုသူများ ပြောစကားထဲမှ အရေးကြီးသောအချက်များကို ထုတ်နုတ်နိုင်ရမည်။ စကားရည်လုပွဲ တစ်ခုတန်းလုပ်ရုံဖြင့် မရဘဲ ပို၍ စီစဉ် ဆောင်ရွက် စဉ်းစားရန် လိုပါသည်။ နောက်ဆုံးရလာဒ်သည် ရပ်ရွာအပေါ် ထူးခြားသည့် သက်ရောက်မှု ရှိစေနိုင်ပါသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ စီစဉ်ဆောင်ရွက်မှု အပိုင်းတိုင်းတွင် အုပ်စုအနေဖြင့် အပြည့်အဝ ပါဝင်မှု ရှိပါစေ။ အုပ်စု ဝင်များအား စားပွဲဝိုင်းဆွေးနွေးမည့် သူများထဲတွင် ဖိတ်ကြားထားသူများနှင့်အတူ ပါဝင်စေနိုင်လျှင် ကောင်းပါသည်။ အုပ်စုအနေဖြင့် ကိုယ်စားပြုနိုင်ရန် သင့်အနေဖြင့် လုပ်နိုင်သမျှ အကုန်လုပ်ရမည် ဖြစ်သည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ



- ဤလုပ်ငန်းစဉ်၏ အစီအစဉ်တိုင်းတွင် လူတိုင်းပါဝင်မှု ရှိပါစေ။ သုတေနပြုခြင်းနှင့် စာရေးသားခြင်းတွင်  အခက်အခဲ ဖြစ်နေသူများကို ကူညီပါ။ လူထုရှေ့ပြောဟောပြောမှုတွင် စိတ်အား ထက်သန်နေ သူများကိုလည်း ကူညီပါ။ ယင်းတို့သည် အချို့အတွက် ခက်ခဲနေမည် ဖြစ်သည်။ သို့သော် ကောင်းမွန်သော ပံ့ပိုးကူညီနိုင်ခဲ့လျှင် အားလုံး အဆင်ပြေသွားမည် ဖြစ်သည်။
- လူပုဂ္ဂိုလ်တစ်ဦးဦးသည် အလယ်တွင် အမြဲရပ်နေစေခြင်း မရှိစေရပါ။ မဆုံးဖြတ်နိုင်ဆိုသည့် နေရာ တွင် ဖြစ်သည်။ ရွေ့လျားစကားရည်လုပွဲလေ့ ကျင့်ခန်းတွင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ အမြဲ ခြံစည်းရိုး ခွထိုင်နေသည်ကို တွေ့လျှင် ဟန်ပြမိုက်ကရိုဖုန်းပေးပြီး အဘယ်ကြောင့် ဖြစ်ရသည်ကို ရှင်းပြရန် ပြောပါ။ အခြားပုဂ္ဂိုလ်များက ၎င်းတို့ရပ်တည်ချက်ကို ပြောပြီးနောက် အလယ်တွင် ရပ်နေ သော ပုဂ္ဂိုလ်များအား တဘက်ဘက်သို့ ပြောင်းရွှေ့လိုကြောင်းရှိမရှိ တိုက်ရိုက်မေးပါ။ ၎င်းတို့ ပါဝင်မှု ရှိပါစေ။ ၎င်းတို့ တစ်ခုခု လုပ်မည်သာ ဖြစ်ပါသည်။
- အဖွဲ့ဝင်တိုင်း ဟန်ပြမိုက်ကရိုဖုန်းဖြင့် ၎င်းတို့ပြောလိုသောအချက်ကို ပြောနိုင်သည့် အခွင့်အရေး ပေးပါ။ အချို့သူများသည် အခြားသူများထက်ပို၍ အများရှေ့တွင်အလွယ်တကူပြောထွက်သူ များ အုပ်စုတွင် ရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်များအား ဆွေးနွေးရာတွင် အမြဲလွှမ်းမိုးမှု မရှိစေရန် သတိပြုရပါမည်။

- ဟန်ပြမိုက်ကရိုဖုန်း သုံးစွဲမှု စည်းမျဉ်းကို တင်းကြပ်ထားပါ။ တစ်ဦးဦးက ယင်းမိုက်ကရိုဖုန်း ကိုင်၍ ပြောနေလျှင် ကျန်ပုဂ္ဂိုလ်အားလုံးက တိတ်ဆိတ်ငြိမ်သက်ပြီး ပြောစကားကို နားထောင်နေစေရ မည်။

- သင်ခန်းစာဆက်လက်ဆောင်ရွက်နိုင်ရန် အုပ်စုအတွင်းဟာသနှင့် ရင်းနှီးကြည်စယ်နောက်ပြောင် ခြင်းများသုံးပါ။ ဤလုပ်ငန်းစုသည် ပျော်စရာကောင်းနိုင်ပါသည်။ သို့သော် ခွန်အားလည်း အပြည့် ရှိပါသည်။ လူရွယ်များအနေဖြင့် ဤနည်းများကို အခြားလုပ်ငန်းစုများတွင် စတင်မသုံးရမချင်း ၎င်းတို့ မည်မျှထိ သင်ယူခဲ့ကြသည်ကို နားလည်သိရှိသွားဦးမည် မဟုတ်ပါ။ သို့မဟုတ် ၎င်းတို့ ဘဝနှင့် ပညာရေးတွင် မသုံးစွဲချင်း ဖြစ်သည်။

- သင်ခန်းစာအချိန်အတွင်း ဝေဖန်ခြင်းသို့မဟုတ် ပြင်းထန်သော စကားလုံးများ သုံးစွဲခြင်းကို ခွင့်မပြုရပါ။ ယင်းသည် အုပ်စုအရှိန်အဟုန်ကို ပျက်ပြားသွားစေပြီး ရန်လိုအမုန်းပွားစေနိုင်သည်။



- စကားရည်လုရာတွင် ရပ်တည်ချက်တစ်ခုကို ကိုင်စွဲသူအား လှောင်ပြောင်ခြင်း ခွင့်မပြုရပါ။ တစ်ဦးတစ်ယောက်တည်း၏ ထင်မြင်ယူဆချက် ဖြစ်နေပါစေ ခွင့်မပြုရပါ။ တစ်ဦးချင်းစီ၏ လွတ်လပ်စွာနှင့် အချင်းချင်း အပြန်အလှန် လေးစားမှုများကို တန်ဖိုးထားရန် ဤလုပ်ငန်းစဉ် တလျှောက် ပြောနေရမည် ဖြစ်သည်။ လူတိုင်း၏ ထင်မြင်ယူဆချက်အတွက် လေးစားမှုနှင့် အလေးပေးထားမှု လိုအပ်ပါသည်။

- အုပ်စုအရှိန်အဟုန်နှင့် တစ်ဦးချင်းစီ၏ လေ့ကျင့်ခန်းများအပေါ် တုန့်ပြန်မှုများကို အနီးကပ် သတိထား စောင့်ကြည့်ပါ။ ဆွေးနွေးမှုတစ်ခု တင်ပြလာသော ထင်မြင်ယူဆချက်တစ်ခုကို ဘဝင် မတွေ့ခြင်း သို့မဟုတ် လေ့ကျင့်ခန်းတစ်ခုတွင် ပါဝင်နိုင်ခြင်း မရှိသည့် ပုဂ္ဂိုလ်များရှိလျှင် ၎င်းတို့၏ ခံစားမှုများကို သိရှိနားလည်ရပါမည်။ ၎င်းတို့ ပူးပေါင်းပါဝင်နိုင်သမျှ ပါဝင်နိုင်စေရန် ကြိုးပမ်းပါ။ သို့သော် လေ့ကျင့်ခန်းနှင့် လုပ်ငန်းစဉ်ကို မထိခိုက်စေရပါ။

- ဆွေးနွေးပွဲတစ်ခုကို ရပ်ပစ်ရန်အတွက် စိုးရိမ်ကြောင့်ကျမှု မရှိပါနှင့်။ ထိန်း၍မရနိုင်တော့ခြင်း၊ အုပ်စုအတွက် ပြဿနာဖြစ်နိုင်ခြင်းတို့ဖြစ်လာ နိုင်သည်ဟု ထင်လျှင်ရပ်ပစ်ပါ။ အထူးသဖြင့် ရွှေ့လျားစကားရည်လုပွဲတွင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ လူ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ၎င်းတို့ ပြင်းထန်စွာ ခံစားရသည့်အချက်အပေါ် ဖေါ်ထုတ်ခွင့်ရနိုင်သည်ဆိုသည့်ခံ စားမှုမျိုး ရရှိသွားစေ ခြင်းသည် ကောင်းပါသည်။ ယင်းသည် မတူညီသော ထင်မြင်ယူဆချက်နှင့် အပြန်အလှန် လေးစားခြင်းတို့ကို အဟန့်အတား ဖြစ်စေမည် မဟုတ်ပါ။ လွတ်လပ်ခွင့်ရှိသော အခြေခံ လူ့အခွင့်အရေးကို



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုများကို ပို၍ ပို၍သုံးစွဲလာကြပါသည်။ အပြည်ပြည်ဆိုင်ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်သည် ခေါင်းစဉ်များနှင့်ပတ်သက်၍အခြေခံစာရင်းအင်း အချက်အလက် များကိုပြုစုနိုင်ရန် ပစ္စည်းအမြောက်အများ ရှိနေပြီကိုသတိပြုမိလာပါသည်။ သို့မဟုတ် ဤလုပ်ငန်းစုအတွက် အခြားသူများသုံးစွဲနိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်အနေဖြင့်ဤလုပ်ငန်းစု ကိုသုံးစွဲသောပညာပေးသူများအား ၎င်းတို့၏ အုပ်စုများ စဉ်းစားခဲ့သည့် ခေါင်းစဉ် အမျိုးမျိုးကို အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် သို့ ပို့ပေးရန် တိုက်တွန်းအပ်ပါသည်။ ထိုအခါ နမူနာများကိုစာရင်းပြုစုပြီး အခြားသူများကို အသုံးပြု စေနိုင်ပါသည်။ ဟောပြောချက်များသည် လည်း အဖိုးတန်သော ရည်ညွှန်း ကိုးကားနိုင်သည့် ပစ္စည်းများ ဖြစ်နိုင်ပါသည်။ ဗွီဒီယိုခွေများ ရှိလျှင်လည်း အသုံးပြုနိုင်ပါသည်။

လေးစားမှုသည် ဆွေးနွေးမှုကို ဆက်လက်ရှင်သန်နေစေမည် ဖြစ်သည်။ ဆွေးနွေးပွဲကို အဆုံးသတ်ခြင်းသည် နောက်ဆုံးမှ မဖြစ်မနေလုပ်ရမည့်အချက် ဖြစ်ပါစေ။ တခါတရံ လူတစ်ဦးချင်းအနေဖြင့် ဆန့်ကျင်ဖက် ထင်မြင်ယူဆချက်ကို ကြားသိရန်နှင့် စကားရည်လုခြင်း ကို ပြင်းထန်လာစေခြင်းတို့သည် ကောင်းပါသည်။

- အုပ်စုအတွင်း မျှော်မှန်းချက် မြင့်မြင့်ထားပါ။ ၎င်းတို့အားလည်း မျှော်မှန်းချက် မြင့်မြင့်ထားရန် ပြောပါ။ မည်သူတို့အား ပြိုင်ပွဲသို့ ဖိတ်ခေါ်မည်ဆိုသည်ကို ၎င်းတို့အား ဆွေးနွေးပါစေ။ ဖိတ်ကြား ရန်နှင့် အစီအစဉ်များ ချမှတ်ရာတွင် ၎င်းတို့ကို ပံ့ပိုးပေးပါ။
- အသိတရားတိုးပွားရေး၏ အကျိုးသက်ရောက်မှု ပိုကောင်းလာစေရန် ရနိုင်သမျှ အခွင့်အရေးကို အသုံးချပါ။ ယင်းသို့ ဆောင်ရွက်ရာတွင် အုပ်စုအနေဖြင့် ပါဝင်စေ။
- စကားရည်လုပွဲများကို ရိုက်ကူးရန် ဗွီဒီယိုကင်မရာကို ရရှိနိုင်လျှင် သုံးပါ။ ယင်းတို့ကို အမျိုးမျိုး အသုံးပြုနိုင်သည်။ အခြားအုပ်စုများဖြင့် အသိတရားတိုးပွားရေးအတွက် ဆောင်ရွက်ရာတွင် သုံးစွဲ နိုင်ပါသည်။ အုပ်စုအား အများအရှေ့ဟောပြောခြင်းကို ပိုမိုကောင်းမွန်လာစေရန် သင်ကြားသည့် ပစ္စည်းအဖြစ် သုံးစွဲနိုင်ပါသည်။ ၎င်းတို့၏ စကားရည်လုခြင်းနည်းများကို ပိုကောင်းလာ စေပါ သည်။
- စားပွဲဝိုင်းဆွေးနွေးခြင်းကို သင့်အုပ်စုအနေဖြင့် စီစဉ်ဆောင်ရွက်နိုင်သည်ဟု ထင်လျှင် ပြုလုပ်ပါ။ ယင်းလုပ်ငန်းသည် ရပ်ရွာပူးပေါင်းမှုနှင့် ပါဝင်မှုကို ဖြစ်စေပြီး ရပ်ရွာ ပရိသတ်အတွင်း အလွန် ခေတ်စားပါသည်။
- ဤလေ့ကျင့်ခန်းများကို အကျဉ်းချုံး ပြန်ပြောမှုကို သေချာစွာ လုပ်ဆောင်ပါ။ အုပ်စုအား လွတ်လပ်စွာနှင့် ပွင့်လင်းစွာ ပြောဆိုပါစေ။ စိတ်လက်ပေါ့ပါးစေပြီး မိမိကိုယ်မိမိ သဘောကျ နှစ်မြို့ပါစေ။ (ဗွီဒီယို ပြန်ပြနိုင်လျှင် ဖြစ်သည်။) သင်ယူခဲ့သမျှကို ပြန်လည် စိစစ်ထုတ်ယူနိုင် ပါစေ။
- အုပ်စု ရေးသားခဲ့သည့် ဟောပြောချက်များကို သိမ်းဆည်းထားပါ။

# အပြီးသတ်ဆွေးနွေးခြင်း

သင်ကြားချိန် တစ်ချိန်

ဤလုပ်ငန်းစုအတွက်အကျဉ်းချုံးတင်ပြသည့်အချိန်သည်အလွန်အရေးကြီးပါသည်။အုပ်စုအား သက်တောင့် သက်သာရှိနေစေပြီး သင်၏မှတ်စုများကို ပြန်စုစည်းပါ။ ပြင်ပအထောက်အကူ ပေးသူရှိလျှင် ဤအပိုင်းတွင် ပါဝင်ပါစေ။ စကားရည်လုရခြင်းသည် အာရုံစိုက်ရပြီး ခြေကုန်လက်ပမ်းကျစေပါသည်။ အချို့ သည် ယင်းလေ့ကျင့်ခန်းမျိုးမလုပ်ခဲ့ဘူးသဖြင့် ၎င်းတို့အနေဖြင့် အထောက်အကူ အချို့ လိုပါမည်။ ပြီးဆုံး သွားလျှင် ၎င်းတို့ နားနေနိုင်ပါသည်။ ထို့ကြောင့် သင့်အုပ်စုအား အကျဉ်းချုံး ပြောပြနေသည့်အခါ အေးဆေးငြိမ်သက်သော ပတ်ဝန်းကျင်ရှိရန် လိုမည် ဖြစ်သည်။ ၎င်းတို့ စိတ်လှုပ်ရှားခံစားရမှုများကို ဖွင့်ဟစေပြီး ၎င်းတို့ လုပ်ခဲ့သည်များကို အသေးစိပ် ရှင်းပြပါစေ။ လူတိုင်းပြောဆိုရန် လမ်းဖွင့်ပေးပါ။ အချင်းချင်း မေးခွန်းများ မေးရန် တိုက်တွန်းပါ။ ၎င်းတို့ငြင်းဆိုချက်များ အဘယ်ကြောင့် လုပ်ခဲ့သည်နှင့် ပရိသတ်အား မည်သို့ ပြောဆိုခဲ့သည်တို့ကို သိရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။



အချို့စကားရည်လုသည် ဟောပြောချက်များသည် အရည်အသွေး အလွန်မြင့်ပါသည်။ လူတိုင်းက ယင်းအပေါ် အာရုံစိုက် ကြပါသည်။ မည်သို့ဆိုစေ ဟောပြောမှု တစ်ခုချင်းစီနှင့် ဆောင်ရွက်ပုံများကို စစ်ဆေး ပြီး ၎င်းတို့၏ ရိုးသားသော တန်ဖိုးထားမှုများကို အသိအမှတ် ပြုပါ။

ပရိသတ် ပါဝင်မှုအကြောင်း အုပ်စုအား ပြောပြပါ။ အထူးသဖြင့် လူထုဆက်သွယ်ရေး ပါဝင်ခဲ့လျှင် ဖြစ်သည်။ လူထုဆက်သွယ်ရေး လုပ်ငန်းစုများမှ သင်ယူတတ်မြောက်ခဲ့သည်တို့ပေါ် အခြေခံပြီး ယင်းကို မည်သို့ နောက်ဆက်တွဲ လေ့လာမည်ကို ဆွေးနွေးပါ။ လူထုဆက်သွယ်ရေး လုပ်ငန်းစုကို ဆောင်ရွက် အကောင် အထည်မဖော်ရသေးပါက ယင်းသည် နောက်လုပ်မည့် စာရင်းတွင် ပါဝင်မည် ဖြစ်သည်။ လူထုဆက်သွယ် ရေးဖြင့် အုပ်စုအား မည်သို့ ဆောင်ရွက်ရမည်ကို သိစေရန် ဖြစ်သည်။

မည်သည့်စကားရည်လုပွဲကိုမဆို ဗွီဒီယိုရိုက်ကူးခဲ့လျှင် ယင်းကို အုပ်စုအား ပြပါ။ ကိုယ့်ကိုကိုယ်ပြန်တွေ့ ရသဖြင့် လူရွှယ်များအနေဖြင့် စိတ်လက်ပေါ့ပါးမှုကို ဖြစ်စေပါသည်။ ထို့ပြင် စကားရည်လုခြင်းသည် လူထု ရှေ့ဟောပြောခြင်းနှင့် ပြဇာတ်ကျွမ်းကျင်မှုများအတွက် ကြီးကြပ်သင်ပြရာတွင်လည်း အသုံးဝင်ပါသည်။ အများရှေ့ဟောပြောရမည့် ဟန်ပန်စရိုက်ကို အာရုံစိုက်ခြင်းဖြင့် သင်နှင့် သင်၏ပြင်ပ အထောက်အကူ ပေးသော ပုဂ္ဂိုလ်များအနေဖြင့် ပုဂ္ဂိုလ်ရေးနှင့် လူမှုရေး အရည်အသွေး မြှင့်တင်ရန်အတွက် ဆောင်ရွက်နိုင် ပါသည်။

# ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်း



ယင်းအရည်အသွေးများသည် ၎င်းတို့၏ ဘဝတလျောက်လုံး စွဲမြဲသွားမည်ဖြစ်သည်။

ဤလုပ်ငန်းစုအတွက်တိုင်းတာနိုင်သည့် အရာများတွင် ထွက်ပေါ်လာမည့် တိုင်းတာနိုင်သော အရာများ ရှိပါသည်။ အချို့သည် ထွက်ပေါ်လာခြင်းရှိပြီး အချို့သည် ထွက်ပေါ်လာခြင်း မရှိသေးသည်သာ ရှိသည်။ အကုန်မဟုတ်စေကာမူ သင့်အုပ်စုထဲမှ အနည်းဆုံးအချို့သည် သုတေသန ပြုခဲ့သည်။ ကလေးအလုပ် သမားကို ရည်ညွှန်းသည့် ခေါင်းစဉ်ဖြင့် စာရေးသားခြင်း၊ ဟောပြောခြင်းပြုလုပ်ခဲ့ကြသည်။ အရည်အသွေး များသည် တစ်ဦးချင်းပေါ်တွင်သာ မူတည်ပါသည်။ ထို့ပြင် လုပ်ငန်းစုကို မည်သို့ ဆောင်ရွက် အကောင် အထည် ဖေါ်နိုင်ခဲ့သနည်းဆိုသည်နှင့် သင့်အနေဖြင့် အုပ်စုဖြင့် မည်သို့ ဆက်ဆံခဲ့သနည်း ဆိုသည့်အပေါ် တွင်လည်း မူတည်ပါသည်။

ဤလုပ်ငန်းစုများသည် လူငယ်များ အသိတရား တဖြည်းဖြည်း တိုးပွားလာစေရေးနှင့် ကလေးအလုပ်သမား အရေး စိတ်လှုပ်ရှားခံစားမှု မြင့်မားလာစေရန်အတွက် စီစဉ် ပြုစုထားပါသည်။ ကမ္ဘာနှင့်အဝှမ်း ကလေး အလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် ၎င်းတို့ ပံ့ပိုးဆောင်ရွက်မှုကိုထည့်သွင်းရန် ဖြစ်သည်။ နားလည် သဘောပေါက်မှုနှင့် တုန့်ပြန်မှု အဆင့် အသစ်တစ်ခုသို့ ဤစကားရည်လုပွဲမှတဆင့် ကျွန်ုပ်တို့ လှမ်းတက်သွားပါသည်။ ယင်းမှာ ခွန်အားရှိသည့် သင်ယူမှုနည်းတစ်ခုဖြစ်ပြီး လူငယ်များအပေါ် ထူးခြားသည့် သက်ရောက်မှု ရှိပါသည်။ ပျော်စရာလည်း ကောင်းပါသည်။ စကားရည်လုခြင်းနှင့် အများရှေ့ဟောပြောခြင်း သည် လူငယ်များ၏ လုပ်ကိုင်နိုင်စွမ်းကို ပိုလေးနက် စေပါသည်။ အထူးသဖြင့် ပရိသတ်တွင် ၎င်းတို့၏ သက်ရွယ်တူများ ရပ်ရွာခေါင်းဆောင်များနှင့် လူထုဆက်သွယ်ရေးများ ပါဝင်ခဲ့လျှင် ဖြစ်သည်။ တစ်ဦးချင်းစီ ၏ သရုပ်ဆောင်မှုစွမ်းရည်လည်း ပေါ်ထွက်လာစေပါသည်။ အများအရှေ့ဟောပြောသည့်အခါ ၎င်းတို့သည် စင်ပေါ်တွင် ပရိသတ်ရှေ့၌ ရှိနေရပါသည်။ ယင်းသည် ကိုယ်စားသရုပ်ဆောင်ခြင်းနှင့် ပြဇာတ်ကခြင်း လေ့ကျင့်ခန်း ထပ်လုပ်ရခြင်းပင် ဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် သေချာစွာ ဆောင်ရွက်ခဲ့ သူများသည် ကမ္ဘာအနှံ့ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် အသိပေး ပြောင်းလဲမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သင့်အနေဖြင့် စိတ်ကျေနပ်သည်အထိ ဤလုပ်ငန်းစုကို အဆုံးသတ်နိုင်ခဲ့လျှင် လုပ်ငန်းစုအသစ်ကို ဆက်လုပ်ပါ။ နောက်လုပ်ရမည့် လုပ်ငန်းစုဖြစ်သော လူထုဆက်သွယ်ရေး တုံ့လှယ်ဆောင်ရွက်မှု (လူထုဆက်သွယ်ရေး သတင်းပြန်ကြားရေး) သို့မဟုတ် သရုပ်ဆောင်အနုပညာ (ကိုယ်စား သရုပ်ဆောင် ခြင်းနှင့် ပြဇာတ်)ကို ဖေါ်ထုတ်ခြင်းနှင့် ဆိုင်သည်။

# နောက်ဆက်တွဲ ၁။

## စကားရည်လုခြင်း အခြေခံ ကျွမ်းကျင်မှုများ။
## ပညာပေးသူများနှင့် စကားရည်လုမည့်သူများအတွက် မှတ်စုများ

### စကားရည်လုခြင်း

စကားရည်လုခြင်းသည် အခြေခံအားဖြင့် ငြင်းခုန်ခြင်းပင် ဖြစ်သည်။ သို့သော် အဖွဲ့များကြား စည်းမဲ့ကမ်းမဲ့ဖြင့် မိမိတို့၏ အမြင်ကို အော်ဟစ်ပြောဆိုခြင်းမျိုး မဟုတ်ပါ။ စကားရည်လုခြင်းတွင် တင်းကြပ်စွာ လိုက်နာရမည့် စည်းမျဉ်းများ ရှိပါသည်။ အတော်အတန် ရှုပ်ထွေးသည့် ငြင်းဆိုမှုနည်းထူးတစ်ခု ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး ချင်းအနေဖြင့် ဆန့်ကျင်ဘက်ကို မိမိတို့ ယုံကြည်သည့်အပေါ် ဆန့်ကျင်ငြင်းဆိုရ ပါသည်။

စကားရည်လုခြင်းသည် ငြင်းဆိုခြင်းပုံစံ ဖြစ်နေခဲ့လျှင် ငြင်းဆိုရမည့်ကိစ္စရပ်တစ်ခု ရှိလာရမည် ဖြစ်သည်။ ယင်းကို "ခေါင်းစဉ်" ဟု ခေါ်ပြီး စကားရည်လုခြင်းတစ်ခုမှ တစ်ခုသို့ ပြောင်းသွားနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် လူထုအတွက် လတ်တလော အရေးကြီးသည့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များ ဖြစ်ပါသည်။ သို့မဟုတ် အထွေထွေ တွေးဆချက် သို့မဟုတ် စိတ်ကူးများ ဖြစ်နိုင်ပါသည်။ ခေါင်းစဉ် အားလုံးသည် "ထို" ဆိုသည့် စကားလုံးဖြင့် စပါသည်။ ဉပမာ - ကလေးအလုပ်သမားအကြောင်း စကားရည်လုသည့် ခေါင်းစဉ်သည် "ထိုကလေးများသည် ကျောင်းတွင် ရှိနေရမည်ဖြစ်ပြီး အလုပ်နေရာတွင် ရှိမနေရ" ဟူ၍ ဖြစ်နိုင် သည်။

အခြားငြင်းဆိုမှုများတွင် ခေါင်းစဉ်တိုင်း၌ ဘက်နှစ်ဘက် ရှိပါသည်။ ခေါင်းစဉ်ကို သဘောတူသောအဖွဲ့ကို "ထောက်ခံအဖွဲ့" (သို့မဟုတ် လွှတ်တော် ဆွေးနွေးမှုတွင် "အစိုးရ" ဖြစ်သည်။) ဟု ခေါ်ပြီး ခေါင်းစဉ် နှင့် သဘောမတူသောအဖွဲ့ကို "ဆန့်ကျင်အဖွဲ့" (လွှတ်တော်ဆွေးနွေးပွဲတွင် "အတိုက်အခံ" ဖြစ်သည်။) ဟုခေါ်သည်။ စကားရည်လုပွဲတစ်ခု စီစဉ်သည့်အခါ သက်ဆိုင်သည့် ပုဂ္ဂိုလ်များ၏ အသက်နှင့် ပညာအရည်အချင်းတို့ဖြင့် ကိုက်ညီသည့် ခေါင်းစဉ်ကို ရွေးရန် အရေးကြီးသည်။ စီမံချက်နှင့် ဆိုင်သောကိစ္စရပ်တွင် ခေါင်းစဉ်သည် စကားရည်လုမည့်သူများ စိတ်ဝင်စားသောအရာ သို့မဟုတ် ရှေ့ပိုင်း လုပ်ငန်းစုများတွင် ပါဝင်ခဲ့ပြီးသောအရာများ ဖြစ်သင့်သည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်

စကားရည်လုပွဲတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် စကားရည်လုမည့်အရာသည် မည်သည့်အကြောင်းအရာဖြစ်သည်ကို ကြိုတင် သဘောတူထားရသည်။ ခေါင်းစဉ်က ဘာကိုဆိုလိုသည် ဆိုသည်ကို သဘောတူထားရမည်။ ခေါင်းစဉ်က ဘာကို ဆိုလိုသည်ကို ဆုံးဖြတ်ခြင်းနှင့် ရှင်းပြခြင်းကို "ခေါင်းစဉ်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း"ဟုခေါ် သည်။

အဓိပ္ပါယ်ဖွင့်ဆိုမှုကို "ထောက်ခံအဖွဲ့"ဖြင့် စတင်သည်။ ထောက်ခံအဖွဲ့မှ ပထမဆုံးပြောသည့် ပုဂ္ဂိုလ်က ခေါင်းစဉ်သည် ဘာကို ဆိုလိုသည်ဆိုသည်ကို ရှင်းလင်းသည့် အသုံးအနှုန်းဖြင့် ရှင်းပြရသည်။ ဤသို့

ဆုံးဖြတ်နိုင်ရန် ထောက်ခံအဖွဲ့သည် အမြဲတမ်း "လမ်းပေါ်ကလူ" စစ်ဆေးမှုကို ပြုလုပ်ရသည်။ ခေါင်းစဉ် ကို လမ်းပေါ်မှ လူများအား ချပြခဲ့လျှင် ၎င်းတို့က ဘာကို ဆိုလိုသည် ဆိုသည်ကို သိအောင်လုပ်ရသည်။

ဆန့်ကျင်ဘက်အဖွဲ့သည် တင်ပြလာသော အဓိပ္ပါယ် ဖွင့်ဆိုချက်ကို သဘောတူ သို့မဟုတ် စိန်ခေါ်နိုင်သည်။ ဆန့်ကျင်ဘက်အဖွဲ့က စိန်ခေါ်ရန် အထူးသတိထားသည်။ အဘယ်ကြောင့်ဆိုသော် စကားရည်လုခြင်းကို အဓိပ္ပါယ် ဖွင့်ဆိုချက် နှစ်မျိုးဖြင့် လုပ်၍မရသောကြောင့် ဖြစ်သည်။ အကယ်၍ဆန့်ကျင်ဘက်အဖွဲ့က အဓိပ္ပါယ်ဖွင့်ဆိုချက်ကို စိန်ခေါ်ရန်ရွေးချယ်ခဲ့လျှင် ပထမဆုံး ပြောဆိုသူဖြင့် စတင်ရသည်။ အဘယ်ကြောင့် စိန်ခေါ်ရသည်ကို ရှင်းလင်းစွာ ချပြရသည်။ ထို့နောက် ပိုကောင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အဆိုပြုရ သည်။

စကားရည်လုခြင်းသည် အစုအဖွဲ့လိုက် လုပ်ရပြီး အဖွဲ့တစ်ခုချင်းစီတွင် သုံးဦးပါဝင်လေ့ ရှိသည်။ ထိုပြောရမည့် ပုဂ္ဂိုလ်သုံးဦးသည် အစုအဖွဲ့အနေဖြင့် အလုပ်လုပ်ရန်အရေးကြီးသည်။ "အစုအဖွဲ့ လမ်းကြောင်း" သည် အခြေခံ အဆိုပြုချက် ဖြစ်သော " အဘယ်ကြောင့် ခေါင်းစဉ်သည် မှန်ရသနည်း" (ထောက်ခံအဖွဲ့အတွက်)နှင့် " အဘယ်ကြောင့် ခေါင်းစဉ်သည် မှားရသနည်း" (ဆန့်ကျင်အဖွဲ့အတွက်) ဖြစ်သည်။ အစုအဖွဲ့တစ်ခုချင်းစီမှ ပထမပြောကြားသူက တိုတိတုတ်တုတ်ပြောသောဂါကျ ဖြစ်ရမည်။ ထိုပြောကြားချက်ကိုသုံးပြီး နောက် ကျန်သူနှစ်ဦးက အဖွဲ့၏ စိတ်ကူးစိတ်သန်းကို အားဖြည့်ပေးရ သည်။

## ပြောဆိုမည့်သူများ၏ အခန်းကဏ္ဍများ

စကားရည်လုမည့်အစုအဖွဲ့တွင် ပြောဆိုမည့်သူတိုင်းတွင် တိကျသော အခန်းကဏ္ဍများ ရှိသည်။ ၎င်းတို့ အစုအဖွဲ့ အတွင်း ၎င်းတို့အပိုင်းကို ပါဝင်ဖြည့်စွက်ရန် ဖြစ်သည်။ ယင်းတို့ကို အောက်တွင် ဖေါ်ပြထားသည်။ ပြောကြား မည့်သူများ အစဉ်လိုက်ပြောရမည်ကို ဖေါ်ပြထားသည်။

*ပထမထောက်ခံသူပြောရန်။* ခေါင်းစဉ်ကို အဓိပ္ပါယ်ဖွင့်ဆိုသည်။ ထောက်ခံသောအဖွဲ့၏ လမ်းကြောင်းကို တင်ပြပါ။ အဖွဲ့တွင် ပါသောသူ တစ်ဦးချင်း ပြောမည့်အချက်များကိုအကျဉ်းချုံးပြောပြမည်။ ထောက်ခံရသည့် အကြောင်းအချက်၏ ပထမတစ်ပိုင်းကို တင်ပြမည်။

*ပထမဆန့်ကျင်သူ ပြောရန်။* အဓိပ္ပါယ်ကို လက်ခံ သို့မဟုတ် ငြင်းပယ်ပါ။ (ဤသို့ မလုပ်လျှင် အဓိပ္ပါယ်ကို လက်ခံသည်ဟု ယူဆသည်။) ဆန့်ကျင်အဖွဲ့၏ လမ်းကြောင်းကို တင်ပြပါ။ ဆန့်ကျင်အဖွဲ့ဝင်တစ်ဦးချင်း ပြောမည့်အချက်များကို အကျဉ်းချုံးပြောသည်။ ပထမဆန့်ကျင်ပြောကြားသူသည် ၎င်းပြောရမည့်အချိန် လေးပုံ တစ်ပုံကို အဓိပ္ပါယ်မှားကြောင်း သက်သေပြနေမည်။ ဆန့်ကျင်အဖွဲ့၏ ဆန့်ကျင်ရသည့် အကြောင်းအချက် များ၏ ပထမတစ်ပိုင်းကို တင်ပြမည်။

*ဒုတိယထောက်ခံသူ ပြောရန်။* ထောက်ခံသောအဖွဲ့လမ်းကြောင်းကို ထပ်မံ အတည်ပြု ပြောကြားမည်။ ပထမဆန့်ကျင်ပြောကြားသူ၏ ပြောကြားချက်ထဲမှ အဓိကအချက်များကို မှားကြောင်း သက်သေပြ ပြောဆိုမည်။ သူပြောခွင့်ရသည့်အချိန်၏ သုံးပုံတစ်ပုံခန့်ကို မှားနေကြောင်း ပြောဆိုနေမည်။ ထောက်ခံအဖွဲ့၏ အကြောင်းအချက၏ ဒုတိယပိုင်းကို တင်ပြပါ။

*ဒုတိယဆန့်ကျင်သူပြောရန်။* ဆန့်ကျင်သော အဖွဲ့လမ်းကြောင်းကို ထပ်မံ အတည်ပြု ပြောကြားမည်။ ထောက်ခံအဖွဲ့ ပြောသော အကြောင်းအချက်အချို့ကို မှားယွင်းကြောင်း သက်သေပြ ပြောဆိုမည်။သူ

သုံးခွင့်ရသည့်အချိန် သုံးပုံတစ်ပုံခန့်ကို မှားယွင်းနေကြောင်း သက်သေပြနေမည်။ ဆန့်ကျင် အဖွဲ့၏ ဆန့်ကျင်ရသည့် အကြောင်းအချက်၏ ဒုတိယပိုင်းကို တင်ပြပါ။

*တတိယထောက်ခံသူပြောရန်*။ ထောက်ခံသောအဖွဲ့လမ်းကြောင်းကို ထပ်မံ အတည်ပြုပြောကြားသည်။ ဆန့်ကျင်အဖွဲ့၏ ကျန်ရှိနေသော သက်သေပြ ပြောဆိုချက်များကို မှားကြောင်း သက်သေပြ ပြောဆိုမည်။ သူပြောဆိုခွင့်ရသည့်အချိန်၏ သုံးပုံနှစ်ပုံမှ လေးပုံသုံးပုံခန့်ကို မှားကြောင်း သက်သေပြ နေမည်။ ထောက်ခံအဖွဲ့၏ ထောက်ခံရသည့် အကြောင်းအချက်ကို အကျဉ်းချုံး တင်ပြမည်။ ထောက်ခံအဖွဲ့အတွက် စကားရည်လုပွဲကို ကျေကျေနပ်နပ် အဆုံးသတ်သည်။

*တတိယဆန့်ကျင်သူပြောရန်*။ ဆန့်ကျင်သော အဖွဲ့လမ်းကြောင်းကို ထပ်မံအတည်ပြု ပြောကြားမည်။ သူပြောခွင့်ရသည့်အချိန်၏ သုံးပုံနှစ်ပုံမှ လေးပုံသုံးပုံခန့်ကို မှားယွင်းကြောင်း သက်သေပြနေမည်။ ဆန့်ကျင်အဖွဲ့၏ ဆန့်ကျင်ရသည့်အကြောင်းအချက်ကို အကျဉ်းချုံး တင်ပြမည်။ ဆန့်ကျင်အဖွဲ့အတွက် စကားရည်လုပွဲကို ကျေကျေနပ်နပ် အဆုံးသတ်သည်။

## ဆန့်ကျင်သည့်အကြောင်း သက်သေပြချက်

စကားရည်လုသည့်အခါ အစုအဖွဲ့တစ်ခုချင်းစီသည် ၎င်းတို့အဖွဲ့တင်ပြသည့် အကြောင်းအချက်များ ကောင်းမွန်ကြောင်း ပြောဆိုကြမည်။ အခြားအဖွဲ့ငြင်းဆိုချက်များကို ဝေဖန်သုံးသပ်ချက်လည်း တချိန်တည်းတွင် ပြုလုပ်နေမည်။ ယင်းကို ဆန့်ကျင်သည့်အကြောင်း သက်သေပြချက်ဟုခေါ်သည်။ ဆန့်ကျင်သည့်အကြောင်း သက်သေပြချက် အမှတ်ရစေရမည့် အချက်အချို့ ရှိသည်။

- *ယုတ္တိရှိခြင်း*။ အခြားအဖွဲ့မှားယွင်းကြောင်း ပြောရုံဖြင့် မလုံလောက်ပါ။ အဘယ်ကြောင့် မှားယွင်းသည်ကို ပြောဆိုနိုင်ရမည်။ အခြားအဖွဲ့ငြင်းဆိုချက်ထဲမှ အဓိကအချက်တစ်ချက်ကို ကောက်နုတ်ပြပြီး ယင်းသည် မည်သို့မျှ အဓိပ္ပါယ် မရှိကြောင်း ပြောဆိုရသည်။ ထိုသို့လျင်မြန်စွာ ပြောဆိုရန် အများအပြား စဉ်းစားရသဖြင့် ယင်းသည် စကားရည်လုခြင်း၏ ပျော်စရာအကောင်းဆုံးနှင့် စိန်ခေါ် မှု အရှိဆုံး အပိုင်း တစ်ခု ဖြစ်ရသည်။
- *အဓိကအချက်များကို ထုတ်နုတ်ခြင်း*။ အခြားအဖွဲ့၏ အကြောင်းအချက်များထဲမှ အရေးအကြီးဆုံး အချက်များကို မှားယွင်းကြောင်း ကြိုးစားပြီး သက်သေပြရမည်။ စကားရည်လုမည့်သူများသည် ခဏကြာလျှင် ဖေါ်ထုတ်ရန် ပို၍ပို၍ လွယ်လာသည်ကို တွေ့ရမည် ဖြစ်သည်။ အခြားအဖွဲ့မှ ပထမ ပြောကြားသည့်သူက ၎င်းတို့အဖွဲ့ဝင်များပြောမည့်အကြောင်းများကို အကျဉ်းချုံး ပြောပြနေချိန်တွင် အရေးကြီးဆုံးအချက်များကို ထုတ်ယူနိုင်သည်။ သို့သော် ထိုအချက်များကို ၎င်းအဖွဲ့က မတင်ပြမချင်း မှားယွင်းနေကြောင်း သက်သေမပြရပါ။
- *ပြောတာမလုပ်ချင်*။ တရားမျှတစွာ ပြောရမည်။ အခြားပြောကြားသူတစ်ဦးဦးကို ဝေဖန်ထောက်ပြခြင်း မပြုရ။ ပြောသည့်အကြောင်းအရာကိုသာ ဝေဖန်ထောက်ပြရသည်။

## တစ်ဦးချင်း ပြောကြားသူများ

တစ်ဦးချင်းပြောဆိုပုံကိုသုံးစွဲနိုင်သောနည်းထူးအများအပြားရှိသည်။ သို့သော် အချက် သုံးချက်ကို မှတ်သားထားရမည်။ အကြောင်းအရာ၊နည်းစနစ်နှင့် ဟန်ပန်စရိုက်တို့ဖြစ်သည်။

*အကြောင်းအရာ*

အကြောင်းအရာသည် ပုဂ္ဂိုလ်တစ်ဦးပြောဆိုသည့် အကြောင်း ဖြစ်သည်။ ယင်းသည် ပြောဆိုရာတွင် ပါဝင်သည့်အရာများ ဖြစ်သည်။ အကြောင်းအရာကို ငြင်းဆိုချက်များနှင့် ဥပမာများဖြင့် ခွဲထုတ်ရမည်။ ငြင်းဆိုချက်သည် အဆိုပြုချက်တစ်ရပ်ဖြစ်သည်။ "ခေါင်းစဉ်သည် မှန်ကန်သည် (သို့မဟုတ် မှားယွင်းသည်။ ယင်းသည် သင်မည်သည့်ဘက်တွင် ပါဝင်သနည်း ဆိုသည့်ပေါ် အခြေခံသည်။) အဘယ်ကြောင့်ဆိုသော် 'က'" ကြောင့်ဖြစ်သည်။ ငြင်းဆိုချက်က ယင်း "က" ကို ဖြည့်စွက်ပေးရသည်။ ဥပမာ - "တိရိစ္ဆာန်ရုံကို ပိတ်သင့်သည်။" ဆိုသည့် ခေါင်းစဉ်တွင် ငြင်းဆိုချက်သည် "တိရိစ္ဆာန်ရုံကို ပိတ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တိရိစ္ဆာန်များကို သဘာဝမကျသော ပတ်ဝန်းကျင်တွင် ပိတ်လှောင် ထား၍ ဖြစ်သည်" ဟူ၍ ဖြစ်သည်။

ဥပမာဆိုသည်မှာ ငြင်းဆိုချက်ကို အထောက်အကူ ဖြစ်စေသည့် အချက်အလက်တစ်ခု သို့မဟုတ် သက်သေပြချက် ဖြစ်သည်။ ငြင်းဆိုချက်သည် "တိရိစ္ဆာန်ရုံကို ပိတ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တိရိစ္ဆာန် များကို သဘာဝမကျသော ပတ်ဝန်းကျင်တွင် ပိတ်လှောင်ထား၍ ဖြစ်သည်"ဟုဆိုလျှင် ဥပမာသည် "မြို့ထဲမှ တိရိစ္ဆာန်ရုံထဲရှိ ခြင်္သေ့ရုံတွင် တိရိစ္ဆာန်များအတွက် မီတာ ၂၀၀ခန့်သာရှိပြီး တောထဲတွင် ၎င်းတို့အတွက် ဟိန်းသံပြုရန် မီတာ ၂၀၀၀ ရှိသည်။"ဟူ၍ ဖြစ်နိုင်သည်။ မည်သည့်ဥပမာမဆို ပြောသည့်ခေါင်းစဉ်နှင့် ဆီလျော်မှု ရှိရမည်။

မည်သို့ဆိုစေ ပြောသည့်အကြောင်းအရာတွင် ဥပမာများ အများအပြား တန်းစီထည့်စရာမလိုပါ။ စကားရည်လုပွဲတွင် အချက်အလက် စုပုံထည့်ထားခြင်းဖြင့် အနိုင်မရနိုင်ပါ။ အချက်အလက်များသည် နံရံတစ်ခုတွင် စီထားသော အုတ်များနှင့် ဆင်တူသည်။ အုတ်များကို ဘိလပ်မြေဖြင့် သေချာစွာ ခိုင်ခန့်ရန် လုပ်မထားလျှင် အသုံးမဝင်ပါ။ အလားတူပင် စကားရည်လုပွဲတွင် အခြားဆန့်ကျင်ဘက်အဖွဲ့က ပြောသော အချို့အချက်များသည် မှားယွင်းသည်ဟု သက်သေပြရုံဖြင့် အနိုင်မရနိုင်ပါ။ ၎င်းတို့ပြောသောအကြောင်းအချက်ကို အနည်းငယ်သာ အားပျော့သွားစေနိုင်သည်။ နံရံတစ်ခုမှ အုတ်ခဲအချို့ကို ဖယ်ထုတ်ခြင်းလည်း အလားတူပင် ဖြစ်သည်။ အခြားအဖွဲ့က တင်ပြလာသည့် ငြင်းဆိုချက်များထဲမှ အဓိက ငြင်းဆိုချက်ကို တိုက်ခိုက်ရသည်။ နံရံတစ်ခုလုံး ပြိုကျ ပျက်စီးသွားရန် ဖြစ်သည်။

*နည်းစနစ်*

ပြောသောအရာသည် အကြောင်းအရာ ဖြစ်သည်။ နည်းစနစ်သည် ယင်းကို မည်သို့ ပြောမည်နည်း ဆိုခြင်းပင် ဖြစ်သည်။ ဥပမာ -

- *အဖွဲ့လိုက် ဆောင်ရွက်မှု* - ကောင်းမွန်သော အဖွဲ့တွင် စည်းရုံးမှုရှိပြီး ယုတ္တိတန်တန် တွေးခေါ်နိုင်ရမည်။ စည်းရုံးမှုကို အဖွဲ့ဝင်အားလုံး အဓိပ္ပါယ်ဖွင့်ဆိုချက်၊ အခြားအဖွဲ့မှ ပြောဆိုသူ ဘာပြောဆိုသည်နှင့် အဖွဲ့၏ လမ်းကြောင်းမှာ မည်သည်ဆိုသည်တို့ကို နားလည်သဘောပေါက်မှုများဖြင့် တည်ဆောက်နိုင်သည်။ အဖွဲ့ဝင်တစ်ဦးချင်းစီသည်

အုပ်စုလမ်းကြောင်းကို အားဖြည့်ပေးရန် လိုသည်။ ပြောခဲ့ပြီးသောအကြောင်းများ နှင့် အဖွဲ့ထဲမှ အငြ ခားအဖွဲ့ဝင်ပြောမည့်အကြောင်းများနှင့် တမျိုးတည်း ဖြစ်ရန် လိုသည်။

- *တစ်ဦးချင်း* - ပြောကြားမည့်သူတစ်ဦးချင်း မိမိပြောကြားမည့် အကြောင်းကို သေချာစွာ စီစဉ်ထားရသည်။ ၎င်းတို့ငြင်းဆိုမည့်အချက်ကို သေချာစွာ သိရှိထားရန် လိုသည်။ ထိုငြင်းဆိုချက်ကို အထောက်အကူ ဖြစ်စေ မည့် မည်သည့်ဥပမာများကို သုံးမည်ကို သိရှိထားရမည်။ ပြောဆိုသည့်အခါ ငြင်းဆိုချက်များကို သေချာစွာ ပိုင်းခြားထားရမည်။ ငြင်းဆိုချက်တစ်ခုမှ နောက်တစ်ခုသို့ ပြောင်းသွားသည်ကို ပရိသတ် သိစေရမည်။ ယင်းကို "အချက်ပြတိုင်" ဟုခေါ်ပြီး အလွန်အရေးကြီးသည့် စကားရည်လုနည်း ဖြစ်သည်။ မိမိတို့ ဘာပြော နေသည် ဆိုသည်ကို ပြောဆိုသူများအနေဖြင့် သိသော်လည်း ပရိသတ်အနေဖြင့် ယခင်က မကြားဘူး သည်ကို သိရှိထားရန် အဓိက ကျသည်။ ထို့ကြောင့် ပရိသတ်အနေဖြင့် ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ပြောဆိုမည့်သူများသည် ရှင်းလင်းစွာ ပြောရန် လိုသည်။

ပြောဆိုမည့်အချက်များကို အချိန်ကြောင့် သေချာစွာ စီစဉ်ထားရှိရမည်။ အချိန်ကုန်ရန် ပြောဆိုသူသည် မရေမရာများ ပြောနေသည်ကို အကဲဖြတ်ဒိုင်များက သိနိုင်သည်။

*ဟန်ပန်စရိုက်*

ဟန်ပန်စရိုက်သည် မည်သို့ တင်ပြပြောဆိုခြင်း ဖြစ်သည်။ ပြောဆိုမည့်သူ၏ ဟန်ပန်စရိုက်များအကြောင်း ဟောပြောမည့်သူ သိထားရန် လိုပါသည်။ ငြင်းဆိုချက်တင်ပြရန် သတ်မှတ်ထားသည့်နည်းတစ်ခုတည်း ရှိသည် မဟုတ်ပါ။ အောက်ပါတို့သည် အချို့အချက်များကို ဖေါ်ပြထားပါသည်။

- *လမ်းစဖေါ်သည့်ကဒ်ပြားများ*။ လမ်းစဖေါ်ကဒ်ပြားများပေါ် ဟောပြောချက် မရေးရပါ။ စကားရည် လုခြင်းသည် အစုအဖွဲ့နှစ်ဖွဲ့ တက်ကြွစွာ တုံ့လှယ်မှု ပြုသည့် လေ့ကျင့်ခန်း ဖြစ်သည်။ အစုအဖွဲ့များနှင့် ပရိသတ်များ တုံ့လှယ်မှုပြုခြင်း ဖြစ်သည်။ စာဖတ်ပြရခြင်း မဟုတ်ပါ။ လမ်းစဖေါ် ကဒ်ပြားများကို ဇာတ်လမ်းကပြခြင်းတွင် သတိပေးနေသကဲ့သို့မျိုး သုံးနိုင်သည်။ပြောဆိုသူ လိုအပ်လျှင် ကိုးကားရန်သာ ဖြစ်သည်။
- *မျက်လုံးခြင်းဆုံခြင်း*။ ယင်းသည် လမ်းစဖေါ်သည့်ကဒ်ပြားများနှင့် ဆင်တူသည်။ ပရိသတ်ကို ကြည့်လိုက်လျှင် ၎င်းတို့၏ အာရုံစိုက်မှုကို ဖမ်းယူနိုင်သည်။ ပြောဆိုသူအနေဖြင့် လမ်းစဖေါ် ကဒ်ပြားကို ဖတ်ရာတွင် အချိန်ဖြုန်းနေခြင်း သို့မဟုတ် ပရိသတ်ဦးခေါင်းပေါ် ကျော်၍ တနေရာရာ ကြည့်နေလျှင် သူသည်ပရိသတ်အာရုံစိုက်မှုကိုအလျင်အမြန်လက်လွှတ်ဆုံးရှုံးသွားမည် ဖြစ်သည်။ ပရိသတ် မျက်လုံးဖြင့် ဆုံခဲ့လျှင် ပရိသတ်၏ နှလုံးသားနှင့် အတွေးများ သင်ထံမျော ပါလာမည် ဖြစ်သည်။
- *အသံအနေအထား*။ စွဲဆောင်မှုရှိရန် ဟောပြောမည့်သူသည် သူ၏အသံကို အမျိုးစုံ ပြုလုပ်နိုင် သည်။ အရေးကြီးသည့်အချက်များအားအာရုံစိုက်လာစေရန်အတွက် အသံကျယ်နိုင်၊ လေယူလေသိမ်းနှင့် အနေးအမြန်ကို သုံးနိုင်သည်။ ရုတ်တရက် အော်ဟစ်လိုက်ခြင်းသည် ပရိသတ် အာရုံစိုက်မှုကို ရစေသည်။ တိုးညင်းစွာ ပြောဆိုသည့်အချိန်တွင် ပရိသတ်ကို သေချာစွာ နားထောင်ပြီး စွဲဆောင်နိုင်သည်။

- *ကိုယ်ဟန်အနေအထား။* ခန္ဓာကိုယ်ကို လက်နက်သဖွယ် သုံးစွဲနိုင်သည်။ လက်ဖြင့် ဟန်ပန်ကို တမင်သေချာစွာ ပြုလုပ်ရမည်။ ဦးခေါင်းနှင့် ကိုယ်အပေါ်ပိုင်းကို အငြိမ်မထားဘဲ ပရိသတ် အားလုံးဖြင့် မျက်လုံးချင်းဆုံရန် ရွေ့ပြောင်းနေရမည်။ ဟိုဒီလျှောက်လိုလျှင် လျှောက်နိုင်သည်။ သို့သော် ထိရောက်မှု ရှိရန်နှင့် တမင်လျှောက်ခြင်းမျိုး ဖြစ်ရမည်။ မတ်တပ်ရပ်လျှင်လည်း ယုံကြည် မှုအပြည့်ဖြင့် ရပ်ခြင်းမျိုး ဖြစ်ရမည်။
- *စိတ်လှုပ်ရှားသည့်အကျင့်။* ယင်းတို့ကို မည်သည့်နည်းနှင့်မဆို ရှောင်ရှားရန် လိုသည်။ လမ်းစဖေါ် ကဒ်ပြားများဖြင့် ဆော့ကစားနေခြင်း၊ ဆံပင်သပ်ခြင်း၊ ဆွဲနေခြင်း၊ နာရီဖြင့် အလုပ်ရှုပ်နေခြင်း၊ ခြေထောက်များ လှုပ်ခါနေခြင်းတို့သည် တင်ပြခြင်းကို အနှောက်အယှက် ဖြစ်စေသည်။ ပြောဆို မည့်သူသည် ခန္ဓာကိုယ်တစ်ခုလုံးကို ထိရောက်မှု ရှိရန် အသုံးပြုရမည်။ ပရိသတ်ကို စွဲဆောင်နိုင် မည့် မိမိအရည်အချင်းကို ပျက်ပြားရန် မလုပ်သင့်ပါ။
- *အသံထွက်မှန်ခြင်းနှင့် စကားလုံး။* ယင်းမှာ သဒ္ဒါနှင့် အသံထွက်မှန်ရန် လေ့ကျင့်ခန်း မဟုတ်ပါ။ အလွန် အလွတ်သဘောဆန်ပြောဆိုခြင်းများရှောင်ပါ။ သို့သော်စကားလုံးကြီးများလည်း မသုံးရပါ။ ပရိသတ် နားမလည် အသံမထွက်တတ်သည့်စကားလုံးကြီးများကို သုံး၍ အမှတ်မရနိုင်ပါ။ လူများ ကိုပြောရန် ရေးသားထားခြင်းသည်လည်းမှားယွင်းသည်။ ဟောပြောသူသည် စကားရည် လုပွဲတွင် စိတ်နှလုံးသွင်းပြီးဇွင်းတို့၏ စကားရည်လုခြင်း ကျွမ်းကျင်မှု ရှိလာရန်သာ လုပ်သင့်သည်။

## အမှတ်ပေးစည်းမျဉ်း

စကားရည်လုခြင်းကို အကဲဖြတ်ဒိုင်များက အကဲဖြတ်ပါသည်။ အကဲဖြတ်ဒိုင်တိုင်း အမှတ်ပေး စည်းမျဉ်း အတိုင်း အမှတ်ပေးသည်။ ဥပမာ - စုစုပေါင်းအမှတ်သည် ၁၀၀ ဖြစ်သည်။ ယင်းအမှတ်ကို ဖေါ်ပြပါအချက်များအတိုင်း ခွဲထားသည်။ အကြောင်းအရာအတွက် ၄၀ မှတ်၊ ကိုယ်ဟန်အနေအထားအတွက် ၄၀ နှင့် နည်းစနစ်အတွက် ၂၀ ဖြစ်သည်။ မည်သို့ဆိုစေ အုပ်စုအနေဖြင့် နံပါတ်များနှင့် အမှတ်များအတွက် စိုးရိမ်စရာ မရှိပါ။ အရေးကြီးသည်မှာ ပါဝင်မှုရှိရန်နှင့် လူငယ်များ၏ပညာရေး၊ သက်မွေးဝမ်းကြောင်းနှင့် လူမှုဘဝများတွင် အထောက်အကူ ဖြစ်စေမည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးက ပို၍ အရေးကြီးပါသည်။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2